
www.burmeseclassic.com

ဦးစာရဲ့ ကာလပေါ်ဝတ္ထု



ပန်းကိုးပွင့်
စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com

**သူယောင်မယ်**

# ပျဉ်းမတစ္ဆေ

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၅၀၁၀၅၃၀၉၁၁ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၅၀၁၀၅၉၀၉၁၁ |
| | ပထမအကြိမ် |
| | ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ |
| ထုတ်ဝေသူ | - ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း) (မြ-၀၉၃၂) ရဲအောင်စာပေတိုက် အမှတ် (၂)၊ ချွန်းလမ်း (၁)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | - ဦးကျင်ရင် (မြ-၀၅၄၁၇) ရွှေခြသေ့ပုံနှိပ်တိုက် အမှတ် (၂၂၅)၊ (၃၂) လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | - ရွှေမင်းသမီးစာပေ၊ ဖုန်း - ၀၉၄၃၀၃၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

၈၉၅-၈၃

သူယောင်မယ်

ပျဉ်းမတစ္ဆေ / သူယောင်မယ် – ရန်ကုန် ။

လောကနတ်စာပေ၊ ၂၀၁၁

၁၅၈ စာ၊ ၁၃. ၂၁ × ၂၀. ၈၃ စင်တီ၊

(၁) ပျဉ်းမတစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ့သဘောထား

နိုင်ငံရေးဦးတည်ချက် (၄) ရပ်
နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုရှိရေး
ခိုင်မာသော နိုင်ငံရေးဝါဒ ရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲနိုင်ရေး

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်
နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်
စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

# သုယောင်မယ်

## ပျိုးမတာရွှေ

www.burmeseclassic.com

www.burmeseclassic.com

သူယောင်မယ်
စာတိုက်သေတ္တာအမှတ် (၁၉၇)
ရန်ကုန်မြို့

အကြံပြုစာ ရေးသားပေးပို့သူ ပရိသတ်အားလုံးကို
လက်မှတ်ထိုးထားသော စာအုပ်လက်ဆောင်များ
ပြန်လည်ပေးပို့လျက်ရှိပါတယ်။

BURMESE CLASSIC .com

# ဂျူပီနတ်

www.burmeseclassic.com

www.burmeseclassic.com

## ထွက်ပြီးစာရင်း

၁။ ကွင်းပိုင်မောင်နှမ

၂။ ထမင်းလုံးတစ္ဆေ

ယာစု

၃။ ပျဉ်းမတစ္ဆေ

တစ်ခုသောနံနက်ခင်း၌ ရွှေဂူရွာလေးသည် ရွာသူတစ်သိုက်၏ အသံဗလံများဖြင့် သောသောညံ့လျက်ရှိနေ၏။

လွန်စွာဝဖိုင့်သော မိန်းမကြီးတစ်ဦးသည် ရွာသူများအနီးသို့ ရောက်သွားကာ ...

"ကောင်မတွေ တွတ်ထိုးမနေနဲ့၊ နတ်ပူဇော်ဖို့ အချိန်မရှိတော့

www.burmeseclassic.com

www.burmeseclassic.com



ဘူး တောဝင်ကြမယ်ဟေ့''

ဟု ဆော်ဩလိုက်၏။

တစ်ဆက်တည်းပင် ...

''ညည်းတို့ထဲမှာ ရည်းစားနဲ့ ခြေပုန်းခုတ်တဲ့သူ မပါတ
သေချာတယ်နော်၊ နတ်ပူဇော်ရာမှာ အမှားအယွင်းဖြစ်ရင် မကောင်
ဘူး၊ လူပျိုနတ်ကို အပျိုစင်တွေပဲ ပသလို့ရတာ သိကြတယ် မဟုတ်
လား''

ဟု ထပ်မံပြောလိုက်၏။

ငင်း၏စကားကြောင့် ရွာသူများမှာ မျက်နှာရှုံ့မဲ့၍ ...

''ဒီမယ်အပျိုခေါင်း ...ကျုပ်တို့အားလုံး ယင်ဖိုတော
မသန်းဖူးတဲ့ အပျိုစင်တွေရှင့်၊ ကျုပ်တို့ကို မယုံကြည်ရင် လူပျိုနတ်
ပသမယ့်အစီအစဉ်ကို ဖျက်လိုက်တော့၊ ကျုပ်တို့ပြန်မယ်''

ဟု တစ်ယောက်က ပြောလိုက်ရာ ကျန်မိန်းမပျိုများသည
လှည့်ပြန်ရန် ပြင်လေ၏။

မိန်းမဝကြီးမှာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး ...

''ဟဲ့ ဟဲ့ ...ပြန်လို့ ဘယ်ဖြစ်မလဲ၊ ဒီနှစ် လူပျိုနတ်ပူ



ပွဲက သိပ်အရေးကြီးတယ်၊ သူကြီးကိုယ်တိုင် သေချာလုပ်ဖို့ မှာထား
တာ၊ ရွာမှာ စီးပွားရေးကျဆင်းနေတာ ညည်းတို့ မသိဘူးလား၊ ငါ့ကို
သူကြီးအဆူခံရအောင် မလုပ်ကြနဲ့၊ ပြောမှားဆိုမှားရှိရင် တောင်းပန်
ပါရဲ့အေ၊ အချိန်မရှိတော့ဘူး ...လာကြစမ်းပါ''

ဟုဆို၍ တောစပ်သို့ ဦးတည်ထွက်သွား၏။

အယောက်နှစ်ဆယ်မျှရှိသော အပျိုအုပ်ကြီးမှာ မကျေမနပ်
ဖြင့်ပင် အပျိုခေါင်းနောက်သို့ လိုက်ပါသွားကြ၏။

ရွှေကူရွာအလွန်ရှိ တောအုပ်အတွင်းသို့ ရောက်လျှင် အပျိုခေါင်း
သည် ရွာသူများအား နတ်ကွန်းတစ်ခုဆီသို့ ဦးဆောင်ခေါ်သွား၏။

နတ်ကွန်း၌မူ အပေါ်ပိုင်းဗလာကျင်းလျက် ပုဆိုးခါးတောင်း
ကျိုက်ထားသည့် နတ်ရုပ်တစ်ရုပ် ရှိလေ၏။

အပျိုခေါင်းသည် နတ်ကွန်း၌ ဆီမီး၊ နံ့သာများ ထွန်းညှိပြီး
လျှင် ရွာသူများဘက်သို့ လှည့်၍ အချက်ပြ၏။

ထိုသို့ အချက်ပြလိုက်သည်နှင့် တစ်ပြိုင်နက် ရွှေကူရွာ အပျို
များသည် လူစုခွဲ၍ ခါချဉ်အုံများကို ရှာဖွေကြလေ၏။

ထို့နောက် ခါချဉ်ဖွပ်ကြကာ ခါချဉ်ဥများကိုယူ၍ ငှက်ပျော

www.burmeseclassic.com

www.burmeseclassic.com



ဖက်နှင့်ထုပ်ကာ မီးအုံကြ၏။

မီးအုံထားသည့် ခါချဉ်ထုပ်အား နတ်စင်ရှိသည့် သစ်ပင်ခွကြား၌ တင်၍ သံပြိုင် ...

"မောင်ကြီးနတ်ကို ပသပါတယ်၊ တင်မြှောက်ပါတယ်၊ နှမတို့ရဲ့ ရွှေဂူရွာလေးကို ဘေးအန္တရာယ်အမျိုးမျိုးနဲ့ ကပ်ရောဂါဆိုးများ မကျရောက်အောင် စောင့်ရှောက်ပေးတော်မူပါ"

ဟု တိုင်တည်ကြလေ၏။

ပြီးလျှင် အပျိုများသည် ခါချဉ်အတုပ်ခံရသည့်နှယ် တစ်ကိုယ်လုံး လှုန့်လော၍ ကုတ်ဖဲ့ကြကုန်၏။

ထိုသို့ ကုတ်ဖဲ့ကြသည်မှာ နတ်ပူဇော်သည့်အနေဖြင့် ဟန်လုပ်ခြင်းသာ ဖြစ်၏။

အပျိုများသည် အင်္ကျီနှင့်ထဘီများ လှုန်လော၍ အတန်ကြာအောင် ကုတ်ဖဲ့ပြီးလျှင် နတ်ပူဇော်ခြင်းမှာ ပြီးဆုံးသွား၏။

ထို့နောက် တောပန်းများအား ပျော်ရွှင်စွာ ခူးဆွတ်ကြကာ ရွာသို့ပြန်ရန် ပြင်ကြလေ၏။

၎င်းတို့ခူးဆွတ်သော တောပန်းများအား ရွာဦးစေတီ၌ ကပ်



ယူ၍ ဆုတောင်းမေတ္တာပို့ခြင်းများ ပြုလုပ်ကြဦးမည်ဖြစ်၏။

လူပျိုနတ်ပသခြင်းမှာ ရွှေဂူရွာ၏ ရှေးအစဉ်အဆက် ပြုလုပ်ခဲ့သည့် ဓလေ့တစ်ခုပင် ဖြစ်၏။

ရွှေဂူရွာလေးအား စီးပွားရေးကောင်းမွန်စေရန် လူပျိုနတ်မှ စောင့်ရှောက်သည်ဟု ရှေးရိုးစွဲ ယုံကြည်ကြ၏။

နတ်ပူဇော်ရာ၌ အပျိုစင်မဟုတ်သောမိန်းကလေး ပါခဲ့လျှင် ရွာ၌ ကပ်ဆိုးကျ၍ စီးပွားပျက်သည်ဟုလည်း အယူသီးကြ၏။

ဤသည်မှာ ရွှေဂူရွာ၏ မိရိုးဖလာ ယုံကြည်ကိုးကွယ်မှုတစ်ရပ်ပင် ဖြစ်လေ၏။

လူပျိုနတ်ပသပြီးသော အပျိုအုပ်ကြီးသည် တစ်ဦးနှင့်တစ်ဦး ကျီစယ်စကားဆိုကြ၍ ရွာဘက်သို့ လျှောက်ခဲ့ကြ၏။

ရွာအဝင်တောလမ်းသို့ရောက်လျှင် အပျိုအုပ်ထဲမှတစ်ယောက်သည် ...

"အား ... မူးလိုက်တာ၊ လုပ်ကြပါဦး ... မူးတယ်"

ဟု အော်ဟစ်လျက် မြေသို့ လဲကျသွားရှာ၏။

ရွာသူများသည် အထိတ်တလန့် ဖြစ်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အေးလှ လဲသွားပြီ ... လုပ်ကြပါဦး"

ဟု အော်ဟစ်သံများ ညံစည်ကာ အေးလှအား ပြေးပွေ့ကြလေ၏။

အပျိုခေါင်းသည်ကား အေးလှ၏အဖြစ်ကိုကြည့်လျက် မျက်နှာကွက်ခနဲ ပျက်သွားလေတော့၏။

✿ ✿ ✿

# တစ်ရွာလုံး ထိတ်လန့်ပြီ

www.burmeseclassic.com

www.burmeseclassic.com

အေးလှ မူးလဲသည့်သတင်းမှာ တစ်ရွာလုံး ပျံ့နှံ့သွားပြီး သူကြီးနှင့် ရွာသူများသည် အေးလှ၏နေအိမ်သို့ ရောက်ရှိလာကြ၏။

ဆေးဆရာကြီးသည် အေးလှအား စမ်းသပ်ကြည့်ရှု၍ မျက်နှာမသာမယာဖြင့် ...

‘‘အေးလှရဲ့ရောဂါက ကျုပ်နဲ့ မသက်ဆိုင်ဘူး ...၊



အကောင်းဆုံးကတော့ လက်သည်ဒေါ်ပုကို ခေါ်လိုက်ပါ’’

ဟု ပြောဆိုကာ ပြန်သွားလေ၏။

သူကြီးနှင့်ရွာသူများသည် ဆေးဆရာကြီး၏စကားကြောင့် များစွာတုန်လှုပ်သွားကြ၏။

အေးလှ၏မိခင်မှာ မျက်နှာကြီးရဲလျက် အံတကြိတ်ကြိတ် ရှိနေ၏။

ထိုအခိုက်မှာပင် ဆေးဆရာကြီး၏သတင်းပေးမှုကြောင့် လက်သည်ဒေါ်ပု ရောက်လာပြီး ...

‘‘ဖယ်ကြ ဖယ်ကြစမ်း ... အေးလှကို ငါ စစ်ဆေးရမယ်’’

ဟုဆိုကာ အုံခဲနေသည့် ရွာလူအုပ်ကြီးအား မောင်းနှင်ထုတ်လေ၏။

ဒေါ်ပုသည် အေးလှအား အခန်းတွင်းသို့ ပွေ့ချီမလျက် စမ်းသပ်ကြည့်လေ၏။

‘‘အေးလှမှာ ကိုယ်ဝန်ရှိပြီ၊ ကျုပ်ခန့်မှန်းခြေပြောရရင် နှစ်လကျော်လောက် ရှိရောပေါ့’’

လက်သည်ဒေါ်ပု၏စကားကြောင့် အေးလှ၏မိခင်မှာ ဒေါသ

www.burmeseclassic.com

www.burmeseclassic.com

ထကြီးတော့ မြင့် ...

"မိုက်လှချည်လား အေးလှရယ်၊ လူကြားထဲ မျက်နှာမပြရဲအောင် လုပ်လိုက်ပြီပေါ့ ... အီး အီး အီး"

ဟု ရေရွှတ်ကာ ရှိုက်ကြီးတငင် ငိုကြွေးလေ၏။

သူမ၏ငိုယိုသံကြောင့် အေးလှမှာ သတိပြန်လည်လာပြီး လက်သည်နှင့် ငိုကြွေးနေသောမိခင်ကို မြင်လျှင် အခြေအနေကို ရိပ်စားမိသွား၏။

အိပ်ရာမှ ကပျာကယာကုန်းထ၍ မိခင်အားပြေးဖက်ကာ ...

"အမိုက်မကို ခွင့်လွှတ်ပါ အမေရယ်၊ သမီး မှားခဲ့ပါတယ်၊ မှားခဲ့ပါတယ် အမေ၊ မငိုပါနဲ့ အမေရယ်၊ ကျုပ်ကိုသာ အသေသတ်လိုက်ပါတော့"

ဟု ရေရွှတ်ကာ ငိုကြွေးပြန်၏။

အိမ်ခန်း၏အပြင်ဘက်၌မူ သူကြီးဘခင်သည် လွန်စွာ ဒေါသထွက်သောအမူအရာဖြင့် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်လျက် ...

"အပျိုခေါင်း အပျိုခေါင်းတုတ်ကြီး ဘယ်မလဲ"

ဟု အော်ဟစ်လိုက်၏။



အပျိုခေါင်းကြီးမှာ လူအုပ်ထဲမှ မဝံ့မရဲ ထွက်လာပြီး ...

"ရှိ ရှိပါတယ် သူကြီး ... ဘာများ ပြောချင်လို့ပါလဲ"

ဟု မေးလိုက်ရာ သူကြီးဘခင်က ...

"အခု ဘာဖြစ်နေသလဲ ... နင်သိရဲ့လား တုတ်ကြီးရဲ့၊ [illegible]တော့ နတ်ပူဇော်ပွဲမှာ အမှားအယွင်းမရှိစေရပါဘူးဆို၊ ဟောဒီရွာမှာ [illegible]စစ်,မစစ် အကဲခတ်နိုင်တာ တုတ်ကြီးတစ်ယောက်ပဲ ရှိပါတယ်ဆို၊ [illegible] အေးလှ ပြဿနာတက်နေပြီ၊ ဘယ်လိုလုပ်မလဲ ... နင်ပြော[illegible]"

ဟု ဒေါသတကြီး အော်ငေါက်ပစ်လိုက်၏။

အပျိုခေါင်းတုတ်ကြီးမှာ သူကြီး၏မျက်နှာအား မော်မကြည့်ဝံ့[illegible] ...

"ကျုပ် ကျုပ်လည်း သေချာစစ်ဆေး ရွေးချယ်ပြီးမှ ပူဇော်ပွဲ[illegible]သွားတာပါ သူကြီးရယ်၊ ဘယ် ဘယ်လိုဖြစ်ပြီး ..."

ဟု စကားမဆုံးမီပင် ...

"တော်တော့ နင့်အသံ ငါမကြားချင်ဘူး၊ ပူဇော်ပွဲမှာ ဝိုက်[illegible]သည်ပါတဲ့အတွက် တစ်ရွာလုံး နတ်ကိုင်ခံရတော့မယ်၊ နင့်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မှားယွင်းမှုကြောင့် တစ်ရွာလုံး စီးပွားပျက်ပြီး အနှောင့်ဝင်တော့မယ်၊ ဒီတော့ ဘာမှမပြောနဲ့ . . . ငါ့နောက် လိုက်ခဲ့''

သူကြီးဘခင်ဇါ၏စကားကြောင့် အပျိုခေါင်းမှာ မျက်နှာငယ်လေးဖြင့် . . .

''ဘယ် ဘယ်ကို လိုက်ရမှာလဲ သူကြီး''

ဟု မေးလိုက်ရာ သူကြီးက . . .

''လူပျိုနတ်ပသရာမှာ အပျိုခေါင်းရဲ့တာဝန်ဟာ ဘယ်လောက်အရေးပါသလဲဆိုတာ နင်မသိဘူးလား၊ နင့်အပြစ်အတွက် ဒဏ်ခတ်ရမယ်၊ ဒီနေ့ကစပြီး ခုနစ်ရက်တိတိ ထိတ်တုံးစာပဲ၊ လာ . . . လိုက်ခဲ့''

ဟု ဒေါသသံဖြင့် အော်ဟစ်၍ ထွက်သွားလေ၏။

အပျိုခေါင်းတုတ်ကြီးမှာ လွန်စွာ လေးကန်သော ခြေလှမ်းဖြင့် သူကြီးနောက် လိုက်သွားရလေတော့၏။

✲ ✲ ✲

# နတ်ကြီးနှင့်တွေ့ဆုံခြင်း

www.burmeseclassic.com

www.burmeseclassic.com

လူပျိုနတ် ပသပြီး နောက်တစ်နေ့သို့ရောက်လျှင် ရွာသူ တစ်ယောက်သည် နွားကျောင်းရန်အတွက် နွားတစ်အုပ်နှင့်အတူ ရွာပြင်သို့ ထွက်ခဲ့၏။

ရွာထိပ်သို့ရောက်သောအခါ ...

ညောင်မှုတ်ဆိတ်ပင်ကြီးအောက်၌ နတ်ဝတ်နတ်စားနှင့် လူ



တစ်ယောက်အား ရုတ်တရက် တွေ့လိုက်ရ၏။

သူမသည် နတ်ဝတ်နတ်စားနှင့်လူအား အံ့ဩမှင်တက်ကြည့်လျက် နွားများကိုထားရစ်ကာ ရွာသို့ ပြန်ပြေးလေ၏။

"သူကြီး သူကြီး ... ရွာထိပ်ညောင်ပင်အောက်မှာ နတ်ကြီး နတ်ကြီးတစ်ပါး တွေ့ခဲ့တယ်တော့"

ရွာသူ၏အော်ဟစ်သံကြောင့် သူကြီးဘခင်မှာ နွားစာစဉ်းနေရာမှ ...

"ဘာ ... နတ်ကြီးတစ်ပါး ... ဟုတ်လား၊ သေချာရဲ့လား မိန်ရယ် ... နတ်က ညည်းကို ကိုယ်ရောင်ပြပါ့မလား"

ဟု မေးလိုက်၏။

မိစိန်မှာ အမောတကောသံကြီးဖြင့် ...

"သေချာပါတယ်တော်၊ ကျုပ်မျက်လုံးနဲ့ တပ်အပ်တွေ့ခဲ့တာ၊ အစိမ်းရောင်ဝတ်စုံကြီးနဲ့တော့၊ မျက်စိကျိန်းမတတ် အရောင်တွေ ထွက်နေတယ်၊ သူကြီးမင်း မယုံရင်သွားကြည့်ပါ"

ဟုပြောလိုက်ရာ သူကြီးဘခင်မှာ များစွာစိတ်ဝင်စားသွားပြီး ရွာပြင်သို့ ထွက်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



မိစိန်၏အသံကို ကြားလိုက်သည့် ရွာသားများသည်လည်း စိတ်ဝင်တစားဖြင့် သူကြီးနှင့်အတူ လိုက်ပါခဲ့ကြ၏။

''တကယ်သာ နတ်ကြီး ကိုယ်ထင်ပြရင်တော့ တို့ရွာဟာ တကယ်ထူးခြားနေပြီ၊ ကိုယ်ထင်ပြခြင်းဟာ နတ်မ,ဖို့ဖြစ်ရင်ဖြစ်၊ မဟုတ်ရင်တော့ လူပျိုနတ်ပသပွဲမှာ အမှားအယွင်းရှိခဲ့တဲ့အတွက် နတ်ကိုင်ခံရဖို့ပဲ ဖြစ်လိမ့်မယ်၊ ဘုရားသိကြားမလို့ နတ်ကောင်းနတ်မြတ် ဖြစ်ပါစေ'

သူကြီးဘခင်မှာ ထိုသို့ တတွတ်တွတ်ရေရွတ်၍ ရွာလမ်းအတိုင်း လျှောက်ခဲ့၏။

ထိုအခိုက်မှာပင် ရွာသားများသည် မျက်နှာချင်းဆိုင်သ လက်ညှိုးထိုးလျက် ...

''ဟိုမှာ ဟိုမှာ ... မိစိန်ပြောတဲ့ နတ်ကြီး၊ နတ်ကြီး ရွာထဲ ကြွလာပြီဟေ့''

ဟု အထိတ်တလန့် အော်ဟစ်လိုက်ကြ၏။

သူကြီးနှင့် ရွာသားများသည် မြေပေါ်အလျင်အမြန် ထိုင် လျက် လက်အုပ်ချီကာ ...



''မသိလို့ မိုးလင်း, မသိလို့ မိုးချုပ်စွာ အမှားအယွင်းတွေ ကျူးလွန်မိတာရှိရင် အပြစ်မယူဘဲ ခွင့်လွှတ်ပေးပါ နတ်ကြီးရယ်၊ ရွှေဂူရွာသားတွေရဲ့ကိုယ်စား သူကြီးဘခင် နတ်ကြီးကို ဂါရဝပြုပါတယ် ... ခွင့်လွှတ်ပါ ဘုရား''

သူကြီးဘခင်မှာ မြေ၌ ပြားပြားဝပ်၍ ရှိခိုးတောင်းပန်လိုက်၏။

ရွာသားများသည်လည်း သူကြီးနည်းတူ ဦးချကြလေ၏။

နတ်ကြီးသည် ၎င်းတို့အနီးသို့ရောက်လျှင် မျက်မှောင်ကြုတ်ကြည့်၍ ...

''သူကြီး သူကြီးဘခင်''

ဟု ခေါ်လိုက်ရာ သူကြီးမှာ လန့်ဖျပ်လျက် ...

''ဘုရား ... အမိန့်ရှိပါ ဘုရား''

ဟု ယောင်ယမ်းထူးမိချေ၏။

''သူကြီးဘခင် ... ဒီမှာကြည့်ပါဦး၊ ဘယ်သူလဲဆိုတာ''

နတ်ကြီးသည် သူကြီးဘခင်အား ဆွဲထူ၍ မေးလိုက်၏။

သူကြီးသည်မှာ နတ်ကြီး၏မျက်နှာအား စေ့စေ့ကြည့်၍

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးများ မြင့်တက်သွားပြီး . . .

"ဟင် . . . မိတင် အဲ . . . မောင်တင်၊ ဘယ် ဘယ်လိုလုပ်ပြီး နတ်စိမ်းဘဝ ရောက်ရတာလဲ"

ဟု ရေရွတ်လိုက်၏။

သူကြီး၏စကားကြောင့် နတ်ကြီးမှာ မျက်နှာရှုံ့မဲ့လျက် . . .

"အာ . . . ဘယ်က နတ်စိမ်းဘဝ ရောက်ရမှာလဲ၊ ကျုပ် ရွာကထွက်သွားပြီး နတ်ကတော်လုပ်နေတာတော့၊ အခု ကနားစီး တစ်ယောက်ဖြစ်နေပြီ၊ ရွှေဂူနဲ့ နှစ်ရွာအကျော်မှာ နတ်ကရင်း ရွာ ကိုပြန်လာတာ၊ ကနားစီးဒေစီတင်ဆိုတာ ကျုပ်ပဲတော့"

ဟု ပြောလိုက်ရာ သူကြီးဘခင်မှာ ပါးစပ်အဟောင်းသား ဖြစ်သွားပြီး . . .

"ဟေ . . . ကနားစီးဒေစီတင်ဆိုတာ မင်းလားကွ၊ ဒါဆို မင်း အတော်ကြီး အောင်မြင်နေတာပဲ တောင်ရ၊ နေပါဦး . . . ရွာကို လာတာ ဘာလို့ နတ်ဝတ်စုံကြီး ဝတ်လာရတာလဲကွ၊ ငါ့မှာ တကယ့် နတ်ကြီးထင်ပြီး လန့်သွားတာပဲ"

ဟု ပြောလိုက်၏။

"မပြောချင်ပါဘူး သူကြီးရာ၊ စုံမြိုင်ရွာမှာ နတ်ကရင်း ကျုပ် အဝတ်တွေ အခိုးခံလိုက်ရတယ်၊ ကျုပ်မှာ လဲစရာအဝတ်တောင် မရှိတော့ဘူးတော့၊ ဒါကြောင့် ဒီအတိုင်း လာခဲ့တာ၊ ကျုပ် ရွာမှာ အကြာကြီးနေမှာနော်၊ သူကြီး စီစဉ်ပေးရမယ်"

နတ်ကတော် ဒေစီတင်၏စကားကြောင့် သူကြီးဘခင်မှာ မည်သို့မျှ မဆိုတော့ဘဲ ရွာထဲသို့ ခေါ်ခဲ့လေ၏။

✲

www.burmeseclassic.com

www.burmeseclassic.com

ဒေစီတင်ရောက်လာသည့်သတင်းမှာ ရွှေဂူတစ်ရွာလုံး ပျံ့နှံ့သွားပြီး သူကြီး၏နေအိမ်၌မူ ...

''အမယ်လေး မိတင်ရယ် ... ရွာကထွက်သွားလိုက်တာ တမေ့တမောပဲ၊ ညည်း အသားတွေဖြူလာတယ်နော်၊ ဓာတ်ရှင်မင်းသမီး ရွှေလောက်အောင်ကို လှနေတာ၊ အားကျလိုက်တာအေ''



ဆိုသည့် မြွောက်ပင့်သံများ သောသောညံနေ၏။

ဒေစီတင်မှာ ရွာသူရွာသားများနှင့် ရေပက်မဝင်လောက်အောင် စကားများပြောဆိုရင်း လူတစ်ယောက်ကို သတိပြုမိသွား၏။

ထိုသူမှာ စောင်ခေါင်းမြီးခြုံ၍ ထောင့်တစ်နေရာ၌ထိုင်ကာ ဒေစီတင်အား ငေးကြည့်နေ၏။

ဒေစီတင်သည် ထိုသူရှိရာ လျှောက်သွားပြီး ...

''ကိုဖိုးသာကြီး မဟုတ်လား၊ တော်က စောင်ခြုံပြီး ဘာလို့ ထောင့်မှာထိုင်နေတာလဲ၊ ကျုပ်ကိုတောင် မနှုတ်ဆက်ဘူး''

ဟု ပြောလိုက်ရာ ထိုလူသည် မျက်နှာအား ငုံ့လျက် ...

''နှုတ်ဆက်ချင်ပါတယ် တင်ရယ်၊ ဒါ ဒါပေမဲ့ ငါက လူတော်ထဲ မတိုးဝံ့ဘူး၊ ငါ ငါဟာ နူနာရောဂါသည်တစ်ယောက် ဖြစ်နေပြီ''

ဟု ပြောလိုက်၏။

ဒေစီတင်သည် ရင်ဘတ်ဖိလျက် အသံစာစာဖြင့် ...

''အနူဖြစ်တာများ ဘာဆန်းသလဲတော်၊ တော့်ရောဂါကို ကျွန်ပျောက်အောင်လုပ်ပေးနိုင်တယ်''

ဟု ရင်ကော့ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



၎င်း၏စကားကြောင့် အနူဖိုးသာမှာ ဝမ်းသာအားရဖြစ်သွားပြီး ...

"တကယ်ပြောတာလား တောင်ရယ်၊ အားကိုးပါတယ်ဟာ၊ ငါ့ရောဂါပျောက်လို့ကတော့ နင့်ဆီမှာ တစ်သက်လုံး ကျွန်ခံပြီး ကျေးဇူးဆပ်ပါရစေ"

ဟု ဆိုလေ၏။

သူကြီးအိမ်ရှိ လူအများသည် ဒေစီတင့်အနီးသို့ စုပြုံရောက်ရှိလာပြီး ...

"ဖြစ်မှလည်း လုပ်ပါဟယ် ... ကိုဖိုးသာကြီးရောဂါက ရင့်နေပြီ"

"ဆေးမြီးတိုတွေလည်း ဒင်း စုံနေပြီ၊ နင်က ဘယ်လိုကုမှာလဲ"

ဟု ဝိုင်းဝန်းမေးမြန်းကြကုန်၏။

ဒေစီတင်မှာ ရင်ကော့ မျက်နှာချိုလျက် ...

"သိချင်ရင် ကျုပ်နောက် လိုက်ခဲ့ကြ၊ ကဲ ကိုဖိုးသာ ... ရှင့်အိမ်ကို သွားရအောင်"



ဟု ဆိုလိုက်၏။

အနူဖိုးသာသည် လွန်စွာမြန်ဆန်သောခြေလှမ်းဖြင့် ဒေစီတင်ကိုခေါ်ကာ ထွက်သွား၏။

ရွာသူရွာသားများသည်လည်း ၎င်းတို့နောက်မှ အုံလိုက်ကြီးပါသွားလေ၏။

အနူဖိုးသာ၏ တဲစုတ်လေးသို့ရောက်လျှင် ဒေစီတင်က ...

"မြေအိုးငယ်တစ်လုံးနဲ့ ဆန်မှုန့်လိုတယ်၊ အမြန်ဆုံး ရှာပေးကြပါ"

ဟုပြောရာ ရွာသားတစ်ယောက်က ...

"ဆန်မှုန့်ဆိုရင် တောင်ပိုင်းက မုန့်သည်ကြီးဆီမှာ ရနိုင်တယ် ... ကျုပ် သွားတောင်းပေးမယ်"

ဟုဆိုကာ အပြေးထွက်သွား၏။

ဒေစီတင်သည် မြေအိုး၌ ထုံးဖြူဖြင့် ကြက်ခြေခတ်လိုက်၏။

ဆန်မှုန့်များရသောအခါ မုန့်ခုနစ်ချပ်ပြုလုပ်၍ တုတ်၌သီကာ မီးကင်၏။

ပြီးလျှင် ဒေစီတင်သည် မီးဖိုခန်းအတွင်း၌ပင် မြေအိုးနှင့်

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဖြူများအား ကိုင်မြှောက်၍ . . .

''အဘိုး ညောင်ချင်းအို . . . အဘိုးအား မုန့်ဖြူ, မြေအိုးတို့နဲ့ တင်မြှောက်ပါတယ်၊ အဘိုးနတ်ကြီး ကြားသိမြင်တွေ့နိုင်ပါစေ၊ အဘိုးအား မုန့်ဖြူ, မြေအိုးတို့နှင့် ပသပါတယ် . . .၊

ယခုအချိန်မှစ၍ ကြာသပတေးသားကြီးကို အဘိုးလက်အပ်နှင်းပါတယ်၊ အဘိုးရဲ့အစွမ်းသိဒ္ဓိ, တန်ခိုးတို့ကြောင့် ကြာသပတေးသား မောင်ဖိုးသာ၌ စွဲကပ်နေသော နူနာရောဂါဝေဒနာအား မိမွေးတိုင်း ဖမွေးတိုင်း အကောင်းပကတိဖြစ်အောင် စောင့်ရှောက်ပေးတော်မူပါ . . .၊

အဘိုးညောင်ချင်းအို ကြားနိုင်ပါစေ, သိနိုင်ပါစေ''

ဟု မျက်လုံးစုံမှိတ် ရွတ်ဖတ်လေ၏။

ရွာသားများသည် ဒေစီတင်၏လုပ်ရပ်အား မျက်တောင်မခတ်စတမ်း ငေးကြည့်လျက် . . .

''ညောင်ချင်းအိုဆိုတာ ဘာနတ်လဲဟ၊ တို့ရွာမှာ မကြားဖူးပါဘူး''

ဟု တစ်ယောက်က ပြောလိုက်၏။



ဒေစီတင်သည် နဖူးရှိ ချွေးများအား လက်ကိုင်ပဝါဖြင့် အသာသုတ်လျက် . . .

''ညောင်ချင်းအိုနတ်က ကိုယ်ရေပြားရောဂါသည်တွေ အထူးပသရတဲ့ နတ်ရှင့်၊ သူ့ကိုပသရင် မီးဖိုဆောင်မှာပဲ ပသလို့ရတယ်၊ ယုံကြည်ရင် ယုံကြည်သလောက် ရောဂါပျောက်ကင်းစေနိုင်တယ်''

ဟုပြောလိုက်ရာ အန္တဖိုးသာက . . .

''ယုံကြည်ပါတယ် တောင်ရယ်၊ ငါတို့လို ဝေဒနာရှင်အတွက် ကိုးကွယ်ပသစရာ နတ်ရှိနေတာ အားတက်စရာပါပဲဟာ''

ဟု ပြောလိုက်၏။

ထိုအခိုက်မှာပင် . . .

''သူခိုးဟေ့ သူခိုး . . . လိုက်ကြ လိုက်ကြ''

ဟူသောအသံအား ကမ္ဘာပျက်မတတ် ကြားလိုက်ရလေတော့၏။

✺ ✺ ✺

www.burmeseclassic.com

www.burmeseclassic.com

# ထိုင်ကနား

အသံကြောင့် ဒေစီတင်နှင့် ရွာသားများသည် သူကြီးအိမ် အောက်သို့ အပြေးအလွှား သွားကြ၏။

သူကြီးဘခင်မှာ တက်တခေါက်ခေါက် အံတကြိတ်ကြိတ်ဖြင့်

"အတင့်ရဲလိုက်တာကွာ . . . နေ့ခင်းကြောင်တောင်ကြီး ဝင်ခိုး ခဲ့တယ်၊ ကြက်သူခိုးဟာ အိုးဘိုရွာသားတွေပဲ ဖြစ်ရမယ်၊ အိုးဘိုရွာ

www.burmeseclassic.com

www.burmeseclassic.com



သားတွေရဲ့လုပ်ရပ်က သိပ်လွန်နေပြီ . . . တောက်''

ဟု ပုဆိုးကြီးမကာ ကြုံးဝါးနေ၏။

ဒေစီတင်မှာ ကန္တဲ့ကလျှဟန်ဖြင့် သူကြီးရှိရာ ပြေးသွားပြီး

. . .

''ဘယ်လိုဖြစ်တာလဲ သူကြီးရယ် . . . အော်သံတွေကြားရတာ ရင်ကိုတုန်သွားတာပဲ၊ ဘာတွေ ပါသွားသေးလဲရှင့်''

ဟု မေးလိုက်၏။

''ရှာစွန်က ကြက်ခြံကို ဝင်နိုးသွားတာ၊ ကြက်အကောင်နှစ်ဆယ်လောက် ပါသွားတယ်၊ ရွာမှာ ဒီလိုအဖြစ်မျိုး မကြုံရတာနှစ်ပေါင်းမနည်းခဲ့ဘူး၊ ဒါဟာ လူပျိုနတ်ပသပွဲမှာ အမှားအယွင်းဖြစ်ခဲ့လို့ပဲ ဖြစ်ရမယ်''

သူကြီးဘခင်၏စကားကြောင့် ဒေစီတင်မှာ မျက်မှောင်ကြုတ်လျက် . . .

''အလို . . . လူပျိုနတ်ပသပွဲမှာ အမှားအယွင်းဖြစ်ခဲ့တယ် . . . ဟုတ်လား၊ အမှားအယွင်းရှိရင် အမြန်တောင်းပန်ရမှာပေါ့၊ သူကြီးက ဘာလုပ်နေတာလဲတော် . . .၊

လူပျိုနတ်ဟာ သူမတူအောင် မစ,သလို သိပ်လည်းကြမ်းတယ်၊ ဘယ်လိုဖြစ်ပြီး ပသပွဲပျက်ခဲ့ရတာလဲ''

ဟု မေးမြန်းလိုက်၏။

သူကြီးဘခင်မှာ စိတ်မသက်သာဟန်ဖြင့် သက်ပြင်းချလျက် . . .

''ဘယ်လိုဖြစ်ရမှာလဲ . . . ဟိုမှာ ထိတ်တုံးခတ်ခံရတာ တွေ့သား . . . အဲဒါ အပျိုခေါင်းတုတ်ကြီးပဲ၊ ဒင်း အသုံးမကျလို့ ပွဲပျက်ရတာ၊ ပူဇော်ပွဲမလုပ်ခင် ရွာမှာရှိသမျှ အပျိုတွေကို အပျိုစင် ဟုတ်,မဟုတ် သေချာစုံစမ်းပြီးမှခေါ်ပါလို့ ပြောထားလျက်နဲ့ ဗိုက်ကြီးသည်ခေါ်သွားတာလေ၊ ခုတော့ အားလုံး ဒုက္ခများရတော့မယ်''

ဟု မကျေမနပ် ရေရွတ်၏။

ဒေစီတင်မှာ ခေါင်းတဆတ်ဆတ်ညိတ် နားထောင်ရင်း . . .

''ဒုက္ခမများပါဘူး သူကြီးရယ်၊ ဒီကိစ္စကို ကျုပ် တာဝန်ယူတယ်၊ နတ်ကိုင်မခံရအောင် ကျုပ် လုပ်ပေးနိုင်ပါတယ်တော်''

ဟု ပြောလိုက်ရာ သူကြီးမှာ မျက်ခုံးများမြင့်တက်လျက် . . .

''ဟေ . . . နင်လုပ်နိုင်တယ် . . . ဟုတ်လား၊ ဒါဆိုလည်း

www.burmeseclassic.com



နတ်ကိုင်မခံရအောင် အမြန်လုပ်စမ်းပါ၊ ဒီအကြောင်းတွေးပြီး ငါ့မှာ ခေါင်းခဲနေရတာဟ''

ဟု အားကိုးတကြီး ပြောလိုက်၏။

ဒေစီတင်မှာ မျက်လုံးထောင့်ကပ်လျက် ခဏမျှ စဉ်းစားဟန်ပြုရင်း ...

''နတ်ကိုင်မခံရဖို့ ထိုင်ကနားပေးပြီး တောင်းပန်ရမယ်''

ဟု ပြောလိုက်ရာ သူကြီးက ...

''ဘာလဲဟ ... ထိုင်ကနားဆိုတာ''

ဟု ပြန်မေးလိုက်၏။

''သူကြီးကလည်း ဝေးလိုက်တာနော်၊ ထိုင်ကနားဆိုတာ နတ်ပွဲကြီးမလုပ်ဘဲ အကျဉ်းချုံးပြီး နတ်ကန်တော့တာတော့၊ ကနားပွဲကြီးထက်စာရင် ငွေကုန်ကြေးကျ အများကြီးသက်သာတယ်''

ဒေစီတင်၏စကားကြောင့် သူကြီးဘခင်မှာ ခေါင်းကုတ်၍ စဉ်းစားဟန်ပြု၍ ...

''ထိုင်ကနားဆိုတော့ ပွဲသေးတာပေါ့ဟ၊ ငါက နတ်ပွဲကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်ပဲ ကြိုက်တယ်၊ ဒီမယ်ဒေ



နတ်ပွဲကြီးပဲ ဖြစ်အောင် လုပ်လိုက်စမ်းပါ၊ နတ်ပွဲအတွက် ရွာသားအားလုံးကို ငွေထည့်ခိုင်းမယ်၊ ကုန်ချင်သလောက် ကုန်စမ်းပါစေ''

ဟု ပြောလိုက်၏။

ထိုအခါ ဒေစီတင်က ...

''ပွဲကြီးဆိုရင်တော့ ကျုပ်တစ်ယောက်တည်း မပြီးဘူးတော့၊ မြို့ရွာမှာ ကျုပ်ရဲ့တပည့်မတွေ ကျန်ခဲ့တယ်၊ သူတို့ကို ပြန်ခေါ်မှ ဖြစ်မယ်ရှင့်''

ဟု ပြောလိုက်လေတော့၏။

✹ ✹ ✹

www.burmeseclassic.com

# ကနားပွဲလုပ်ပြီ

သူကြီးဘခင်၏ စည်းရုံးရေးကောင်းမှုကြောင့် နတ်ဝါသနာအိုး ရွှေဂူရွာသားများမှာ ငွေများထည့်ဝင်၍ ကနားပေးရန် ကြိုးပမ်းကြလေ

ကနားပွဲအတွက် နာမည်ကြီး စိန်ဒိုးဆိုင်းအဖွဲ့အား မြို့တက်၍ ငှားရမ်းကြ၏။

စုံမြိုင်ရွာသို့ လူလွှတ်၍ ဒေစီတင်၏တပည့်များအား အကြို

www.burmeseclassic.com

www.burmeseclassic.com



ထောက်စေ၏။

အလုံးစုံပြင်ဆင်မှုပြီးလျှင် ရွှေဂူရွာ၏ ရွာထိပ်ကွင်းပြင်ကြီး၌

"ကနားစီး ဒေစီတင်"

ဟူသော နဖူးစည်းကြီးနှင့်မဏ္ဍပ်ကြီး ဖြစ်ပေါ်လာ၏။

ရွာသားများ၏ သတင်းဖြန့်မှုကြောင့် ဒေစီတင်၏နတ်ပွဲမှာ အနီးအနား ရွာများထိတိုင်အောင် သတင်းပျံ့သွား၏။

ရွာပေါင်းစုံမှ ဈေးသည်များ ရောက်ရှိလာကာ နတ်ပွဲရှေ့၌ သူ့ထက်ငါ အလုအယက် ဆိုင်ခင်းကြကုန်၏။

ထို့ကြောင့် ဒေစီတင်၏ကနားပွဲမှာ ဘုရားပွဲတမျှ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိချေ၏။

ကနားပွဲ၏ ပထမနေ့၌မူ ဒေစီတင်သည် ၃၇ မင်းနတ်များအား စိန်ဒိုးဆိုင်း၏ မြိုင်ဆိုင်လှသောတီးကွက်များနှင့်အတူ ပင့်ဖိတ်ကခုန်လေ၏။

ရွှေဂူရွာသားများမှာ ကြုံတောင့်ကြုံခဲဖြစ်သည့် နတ်ပွဲအား လုပ်ငန်းခွင်သို့ပင် မဝင်ကြဘဲ တမေ့တမော လာရောက်အားပေးကြလေ၏။



ဒေစီတင်မှာ ဘော်ကြယ်ရောင် ပြိုးပြက်နေသည့် အနီရောင်ဝတ်စုံဖြင့် နတ်ကြီးပင့်စဉ်များအတိုင်း ပင့်ဖိတ်၏။

ဒေစီတင်အတွက် ဝတ်စုံအား မြို့တက်၍ ကနားစီးတစ်ဦးထံမှ အခကြေးငွေပေးကာ ငှားရမ်းပေးရခြင်း ဖြစ်၏။

နတ်ကြီးပင့်စဉ်ပြီးဆုံးလျှင် ဒေစီတင်မှာ မောလွန်းသဖြင့် ခဏမျှ အနားယူလေ၏။

ဒေစီတင်၏ တပည့်မများဖြစ်သည့် မိန်းမလျာနှစ်ဦးမှာ ယပ်ခတ်သူ၊ ဘီလပ်ရည်ဖောက်ပေးသူတို့ဖြင့် ဗျာများနေကြ၏။

ပြီးလျှင် ဒေစီတင်သည် ရွှေဖလားရောင်ဝတ်စုံအား ပြောင်းလဲဝတ်ဆင်၍ ဆိုင်းဆရာအား ဒိုးရိုက်ခိုင်း၏။

ဒိုးစရိုက်ချိန်၌ ဒေစီတင်သည် အောင်သပြေနှစ်ခက်ကို ဘယ်ညာကိုင်၍ . . .

"ရွှေဂူရွာတစ်ကြော အပိုင်စိုး စောင့်ရှောက်တော်မူသော လူ့ပျိုတော်မောင်ကြီးရှင့် . . . မောင်ကြီးနတ်အား ရှိသေစွာ ပင့်ဖိတ်ပါတယ်၊ မောင်ကြီးနတ်အား ရည်စူး၍ ကနားဖြင့် ချေပါတယ်၊ မောင်ကြီးနတ်အား အများအယွင်းရှိခဲ့ပါက အပြစ်မယူဘဲ ခွင့်လွှတ်ပေးပါရှင်

www.burmeseclassic.com



ပန်ကြားအပ်ပါတယ်ရှင့်''

ဟု တိုင်တည်ကာ နတ်ချော့၏။

လူပျိုနတ်ချော့ပြီးချိန်၌ ရွှေများ မြင်မကောင်းအောင်ဝတ်ဆင်ထားသည့် အမျိုးသမီးနှစ်ဦး ရောက်ရှိလာကာ နတ်မေးကြ၏။

ပြီးလျှင် ၎င်းတို့ကိုယ်တိုင် နတ်ဝတ်စုံများ ဝတ်ဆင်၍ တောင်ပြုန်းမင်းနှစ်ပါး ချော့ကြလေ၏။

ဒေစီတင်သည် စီးကရက်အား ဟန်ပါပါခဲ၍ လက်ခုပ်တီးကာ အားပေးနေ၏။

ထိုအခိုက်မှာပင် ကုတ်အင်္ကျီ၊ ဘောင်းဘီရှည်နှင့် လည်ပင်း၌ ရွှေဆွဲကြိုးအတုပ်ကြီးဆွဲထားသော လူငယ်တစ်ဦးသည် ခရီးဆောင်အိတ်ကိုလွယ်ကာ နတ်ပွဲအတွင်း တိုးဝှေ့ဝင်လာ၏။

လူငယ်သည် ဒေစီတင်အားမြင်လျှင် ဝမ်းသာအားရဖြင့် ...

''ဟေး ... ဒေစီ''

ဟု လှမ်းအသံပြုကာ ပြေးဖက်လေ၏။

ဒေစီတင်သည်လည်း လူငယ်အား မြင်သောအခါ အံ့သြတကြီးအမူအရာဖြင့် ...



''ဟင် မောင်မောင် ... မောင်မောင် ဒီအထိ လိုက်လာတယ်''

ဟု ရေရွတ်ကာ ပြေးဖက်လာ၏။

၎င်းတို့နှစ်ဦး ပြေးဖက်ပုံမှာ ဘိုင်စကုပ်ထဲမှ မင်းသားနှင့်မင်းသမီးတို့ တွေ့ဆုံပုံနှင့် တူလွန်းလှ၏။

ထို့ကြောင့် နတ်ပွဲလာပရိသတ်မှာ နတ်ကနေသည့် မိန်းမကြီးအား စိတ်မဝင်စားဘဲ ဒေစီတင်တို့ကိုသာ စိတ်ဝင်တစား ငေးစိုက်ကြည့်နေလေ၏။

''ဒေစီကလွှာ ... ကိုယ့်မှာဖြင့် သတိရလွန်းလို့ အလုပ်တွေပစ်ပြီး လိုက်လာတာ၊ စုံမြိုင်ရွာမှာ ကမယ်ဆိုပြီး ဘယ်လိုလုပ် ဒီရောက်နေတာလဲ ... တကယ်မောတယ်ကွာ''

လူငယ်သည် ညောင်နာနာအသံဖြင့် အလိုမကျရေရွတ်ကာ ဒေစီတင်၏ခါးအား လှမ်းဖက်လိုက်၏။

၎င်းတို့၏အပြုအမူကြောင့် သူကြီးဘခင်မှာ ပါးစောင်၌ ခဲထားသည့် ဆေးတံကြီးပင် ပြုတ်ကျလုမတတ် အံ့သြသွားရ၏။

ဒေစီတင်သည် လူငယ်အား လွန်စွာရွံ့ရှာလှသော မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ကြည့်လျက် ...

"ကဲပါ မောင်မောင်ရယ် ... မောလာသမျှ အတိုးချပြီး ဒေစီ ပြုစုပါ့မယ်၊ ဒီရွာက ဒေစီ့ရဲ့ ဇာတိရွာ၊ ရောက်တုန်းရောက်ခိုက် ဝင်လာတာ၊ လာ ... မောင်မောင့်ကို သူကြီးနဲ့ မိတ်ဆက်ပေးမယ်"

ဟုဆိုကာ ကန့်လန့်ကလျှာက်ဖြင့် လက်ဆွဲခေါ်သွား၏။

"သူကြီးဘခင် ... ဒါက ကျုပ်ရဲ့ယောက်ျား၊ အဲ ... ယောက်ျားလေးမိတ်ဆွေ မောင်မောင်ခိုင်တဲ့၊ ကျုပ် ဒီမှာနေသရွေ့ သူ့ကိုပါ နေခွင့်ပေးပါနော် ... ဖြစ်တယ်မဟုတ်လား သူကြီး"

ဒေစီတင်၏စကားကြောင့် သူကြီးဘခင်မှာ ဘာပြောရမှန်း မသိအောင်ပင် ဖြစ်သွား၏။

အတန်ကြာမှ ဆေးတံအား ဟန်ပါပါပြန်ခဲကာ ...

"အင်း ... တေင့်မိတ်ဆွေဆိုတော့လည်း လက်ခံရမှာပေါ့၊ ဒါပေမဲ့ ရွာမှာ ဘာပြဿနာမှ မဖြစ်စေနဲ့၊ တေင့်လိုပဲ အေးအေးနေရင် ရပါတယ်၊ ကျုပ် နေခွင့်ပြုပါတယ်"

ဟု ဆိုလိုက်၏။

ထို့နောက်တွင်မူ ဒေစီတင်သည် မောင်မောင်ခိုင်အား ဘီလပ်



ရည် (အအေး) ပုလင်းဖွင့်ကာ တိုက်ကျွေးလေ၏။

ဒေစီတင် နုတ်ချော့သောအခါ မောင်မောင်ခိုင်မှာ လက်ခုပ် လက်ဝါးတီးလျက် ၎င်း၏နံဘေးမှ ကိုယ်ကိုယ်မိန်းနွဲ့၍ အားပေးလေ၏။

ရွှေဂူရွာသားများသည် ဒေစီတင်နှင့်မောင်မောင်ခိုင်အား ကြည့် ရှုလျက် အချင်းချင်း မျက်ရိပ်ပြကာ မေးငေါ့ကုန်ကြလေ၏။

✹ ✹ ✹

www.burmeseclassic.com

www.burmeseclassic.com

သူကြီးဘခင်သည် ဒေစီတင်နေထိုင်ရန်အတွက် ၎င်း၏ ခြံဝိုင်းအတွင်းရှိ ပျဉ်ထောင်အိမ်လေးတစ်လုံးအား ပေးထားလေ၏။

ထို့ကြောင့် ဒေစီတင်၊ မောင်မောင်ခိုင်နှင့် ဒေစီတင်၏တပည့် မိန်းမလျာနှစ်ဦးမှာ ထိုအိမ်လေး၌ လွတ်လပ်စွာ နေခွင့်ရ၏။

တစ်နေ့သောနေ့လယ်ခင်း၌ သူကြီးဘခင်သည် အိမ်ရှေ့



ကွပ်ပျစ်၌ လဲလျောင်းကာ တစ်ရေးတစ်မော အိပ်စက်နေ၏။

ထိုအခိုက်မှာပင် ရွာသူအဘွားအိုတစ်ဦးသည် ငိုကြီးချက်မ အမူအရာဖြင့် ပြေးလာကာ . . .

"သူကြီး သူကြီး . . . လုပ်ပါဦးတော်၊ ကျုပ်သမီးလေး ကိုယ် ကျိုးနည်းပြီ ထင်ပါ့"

ဟု အော်ဟစ်တိုင်တန်းလာ၏။

သူကြီးဘခင်မှာ အိပ်ရာမှ လန့်နိုးသွားပြီး . . .

"ဟင် . . . အဘွားအုံပါလား၊ ဘာဖြစ်လာတာလဲ၊ ပန်းမြိုင် ဘာဖြစ်လို့လဲ"

ဟု မေးမြန်းလိုက်သည်။ အဘွားအုံသည် မျက်ရည်သွင်သွင် စီးကျလျက် . . .

"ပန်းမြိုင် . . . ပန်းမြိုင် နွားကျောင်းထွက်သွားတာ နွား တွေက အိမ်ပြန်ရောက်နေပြီ၊ ပန်းမြိုင် ပါမလာဘူး၊ ကျုပ်သမီးလေး တောထဲမှာ အန္တရာယ်တွေ့ပြီထင်ပါ့ သူကြီးရယ် . . . ကယ်ပါဦး"

ဟု တုန်ယင်သောအသံဖြင့် ပြောလေ၏။

သူကြီးဘခင်မှာ မျက်မှောင်ကြုတ်သွားပြီး . . .

www.burmeseclassic.com

"ဘာ နွားကျောင်းသွားတာ နွားတွေပြန်ရောက်လာတယ် ...ဟုတ်လား နေပါဦး ဘွားအုံရဲ့ ...ပန်းမြိုင်မှာ ရည်းစားသနာတွေများ ရှိနေရောသလား၊ လင်နောက်လိုက်ပြီ ထင်ပါရဲ့ဗျာ"

ဟု ထင်ကြေးပေးပြောလိုက်၏။

"လင်နောက်လိုက်စရာ ရည်းစားသနာမှ မရှိဘဲသူကြီးရဲ့၊ ကျုပ်သမီးအကြောင်းကို ကျုပ် အသိဆုံးပါ၊ ပန်းမြိုင် နွားကျောင်းရင်း အန္တရာယ်တွေ့နေတာ သေချာတယ်၊ အားကိုးပါတယ် သူကြီးရယ်၊ ကျုပ်သမီးလေးကို အမြန်ဆုံးရှာပေးပါ၊ အီး အီး အီး"

အဘွားအုံမှာ ပြောဆိုရင်း ရှိုက်ကြီးတငင် ငိုချလိုက်၏။

သူကြီးဘခင်သည် အဘွားအုံအား စိတ်မသက်မသာဟန်ဖြင့် ကြည့်၍ ...

"ငိုမနေပါနဲ့ အဘွားအုံရယ်၊ ကျုပ် ခုချက်ချင်း လူစုပြီး ရှာခိုင်းပါ့မယ်၊ နွားကျောင်းရင်း ပန်းမြိုင် မူးမေ့လဲတာလည်း ဖြစ်နိုင်ပါတယ်၊ ကျုပ်တို့တောမှာက သားရဲတိရစ္ဆာန် မရှိပါဘူး"

ဟု ဖျောင်းဖျစကားဆို၏။

ထို့နောက် ၎င်း၏တပည့်အား ရွာသားများကို လူစုခွဲ၍ လူပျောက်ရှာခိုင်း၏။



ရွှေဂူရွာသားများသည် လူစုခွဲ၍ ပန်းမြိုင်အား ရှာဖွေကြ၏။ သို့သော် ညနေစောင်းချိန်အထိ ပန်းမြိုင်အား ရှာမတွေ့ကြချေ။

သူကြီးဘခင်မှာ ပန်းမြိုင်အတွက် ပူပန်ဇောဖြင့် ခြံထဲ၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိ၏။

ပန်းမြိုင်၏မိခင်သည်လည်း ညှိုးငယ်သောမျက်နှာဖြင့် မျက်ရည်သွင်သွင်စီးကျလျက် ခုံတန်း၌ ထိုင်နေလေ၏။

ထိုအချိန်မှာပင် ရွာသားများ ပြန်လည်ရောက်ရှိလာပြီး မျက်နှာမသာမယာဖြင့် ...

"ကျုပ်တို့ရှာတာ တစ်ရွာလုံး နှံ့နေပြီ၊ တစ်တောလုံးလည်း ရှာပြီးပြီ၊ ပန်းမြိုင်ကို လုံးဝမတွေ့ဘူး၊ သေချာပါတယ် အဘွားအုံ ... ခင်ဗျားသမီးဟာ လင်နောက်လိုက်သွားပြီ"

ဟုပြောလျှင် အဘွားအုံသည် လွန်စွာ စိတ်ထိခိုက်သွား၏။

"မဖြစ်နိုင်ဘူး၊ ငါ့သမီးမှာ ချစ်သူရည်းစားမရှိတာ ငါအသိဆုံးပဲ ငါ့ ငါ့သမီးလေးကို တောကောင်တွေ ဆွဲသွားပြီ ...အီး အီး အီး"

www.burmeseclassic.com

www.burmeseclassic.com



အဘွားအုံသည် ထိုသို့ရေရွတ်လျက် ရှိုက်ကြီးတင် ငိုချလိုက်ပြန်၏။

သူကြီးဘခင်မှာ စိတ်ရှုပ်ထွေးဟန်ဖြင့် ခေါင်းကို ကုတ်ဖွလျက် . . .

"ကဲ ကဲ အဘွားအုံ . . . မိုးလည်းချုပ်နေပြီ၊ အိမ်ပြန်ပြီ နားလိုက်ပါ၊ ပန်းမြိုင်ကို တောကောင်ဆွဲတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။ ပန်းမြိုင်ပျောက်တာ သိပ်ထူးဆန်းနေတယ်၊ ဘာပဲဖြစ်ဖြစ် ကျု ကြိုးစားပြီး ရှာပေးပါ့မယ်၊ အဘွားအုံ စိတ်အေးအေးထားပြီး ပြန်လို ပါ"

ဟု ဆိုသောအခါ အဘွားအုံမှာ ငိုကြွေးလျက် လေးကန်သေ ခြေလှမ်းဖြင့် ထွက်သွားလေ၏။

အဘွားအုံထွက်သွားလျှင် သူကြီးဘခင်သည် ရွာသား အား . . .

"မင်းတို့အားလုံး ပန်းမြိုင်ကို ထပ်ရှာရမယ်၊ တစ်ဖက် တွေအထိ လိုက်ရှာကြ၊ တောထဲလည်း ပြန်ဝင်ပြီး ရှာကြ၊ မတွေ့ ရွာပြန်မလာနဲ့"



ဟု အမိန့်ပေးလိုက်၏။

သူကြီး၏အမိန့်ကြောင့် ရွာသားများမှာ မကျေမနပ်အမူအရာဖြင့် ပြန်လည်ထွက်ခွာသွားကြ၏။

သူကြီးဘခင်မှာ ရွာသားများ၏ကျောပြင်အား ငေးကြည့်လျက် . . .

"အင်း . . . ရွာမှာ တိရစ္ဆာန်ပျောက်ရုံတင်မကဘဲ လူပါ ပျောက်နေပြီ၊ ဒါဟာ လူပျိုနတ်ပသပွဲမှာ အမှားအယွင်း ရှိခဲ့လို့ပဲ ဖြစ်ရမယ်၊ ဒီကိစ္စကို တောင်နဲ့ တိုင်ပင်ကြည့်ရမယ်"

ဟု တွေးတောလိုက်၏။

✵ ✵ ✵

www.burmeseclassic.com

www.burmeseclassic.com



“မဖြစ်နိုင်ဘူး သူကြီး၊ ကျုပ်တို့ မနက်ဖြန်မြို့ပြန်ဖို့ စီစဉ်ပြီ ပြီရှင့်၊ ပြီးတော့ အပျိုရွယ်မိန်းကလေးတစ်ယောက် ပျောက်သွား လင်နောက်လိုက်တာကလွဲရင် တခြားဘာမှ မဖြစ်နိုင်ဘူး၊ ကျုပ် မြို့ ပွဲလက်ခံထားတာတွေ ရှိသေးတယ် ... ပြန်မှဖြစ်မယ်”

ဒေစီတင်၏စကားကြောင့် သူကြီးဘခင်မှာ များစွာ အ



တွေ့သွားရ၏။

“မဟုတ်သေးဘူး တေင်ရဲ၊ ပန်းမြိုင်က ချစ်သူမရှိသေးတဲ့ မိန်းကလေးပါ၊ လင်နောက်လိုက်တာ မဖြစ်နိုင်ဘူး၊ ငါ ဖြစ်စေချင်တာ က နင် ရွာမှာ ရက်နည်းနည်းလောက် ထပ်နေပေးပါ၊ ဆိုင်ရာပိုင်ရာ တွေကို ပင့်ဖိတ်ပြီး ပန်းမြိုင် ဘယ်ရောက်နေသလဲဆိုတာ မေးမြန်း ပေးပါ၊ နင့်ရဲ့အစွမ်းကို ငါယုံပါတယ် တေင်ရယ်၊ ရွာရဲ့လူကြီးတစ် ယောက်အနေနဲ့ တောင်းဆိုတာပါ ... ကူညီပါ တေင်ရာ”

သူကြီးဘခင်၏စကားကြောင့် ဒေစီတင်မှာ သက်ပြင်းအသာ ချလျက် မောင်မောင်နိုင်အား လှမ်းကြည့်လိုက်၏။

မောင်မောင်နိုင်မှာ ဒေစီတင်၏လက်ကို ဆုပ်ကိုင်လိုက်ရင်း ...

“ကဲပါ ဒေစီရယ် ... သူကြီးကို အားနာဖို့ကောင်းပါတယ်၊ ဒေစီရဲ့ ခေါင်းစွဲနတ်ကို ပင့်ဖိတ်ပြီး မေးမြန်းပေးလိုက်ပါ၊ ကိုယ်တို့ အလုပ်ကိစ္စက ရက်ရွှေ့လို့ရပါတယ်”

ဟု ပြောလိုက်ရာ သူကြီးဘခင်မှာ မျက်နှာဝင်းပသွား၏။ ဒေစီတင်သည် နှုတ်ခမ်းစူလျက် မောင်မောင်နိုင်အား မျက်

www.burmeseclassic.com


စောင်းချိတ်ရင်း ...

''ဟင်းနော် ... မောင်မောင်ကြောင့် သိလား။ ဒေစီတို့ ကနားစီးလုပ်တဲ့သက်တမ်းမှာ ဘယ်တော့မှ ပွဲရက်မပျက်ခဲ့ဘူး။ ကဲ သူကြီး ... ပန်းမြိုင်ပျောက်တဲ့ကိစ္စကို ကျုပ်ကူညီပေးမယ်၊ ကျုပ်ရဲ့ ခေါင်းစွဲနတ်ကို ပင့်ပြီးမေးပေးမယ်၊ ဒါပေမဲ့ အခုတော့ မဟုတ်ဘူး ... အပုပ်ချိန်ကြီး ဖြစ်နေတယ်၊ မနက်ကျမှ လုပ်ပေးမယ် ... တော်ကျေနပ်ပြီလား''

ဟုပြောဆိုကာ မောင်မောင်နိုင်အား လက်ဆွဲ၍ အိပ်ခန်းတွင်းသို့ ဝင်သွားလေ၏။

နတ်ယုံကြည်မှုကြီးသော သူကြီးဘခင်မှာ ဒေစီတင် ကူညီမည်ဆိုသဖြင့် အကျေနပ်ကြီးကျေနပ်သွား၏။

ရွှေဂူရွာသားများသည် ပန်းမြိုင်အား ညလုံးပေါက် နေရာအနှံ့ ရှာဖွေကြသော်ငြား အရိပ်မျှပင် မတွေ့ခဲ့ကြချေ။

ထို့ကြောင့် မိုးစင်စင်လင်းချိန်၌ သူတို့သည် ခြေကုန်လက်ပန်းကျလျက် ရွာသို့ပြန်လာကြ၏။

သူကြီးဘခင်အား အကျိုးအကြောင်းပြောပြသောအခါ သူကြီးဘခင်က ...

''မတွေ့လည်း ကိစ္စမရှိဘူး။ ပန်းမြိုင် ဘယ်ရောက်နေသလဲဆိုတာ ကနားစီးဒေစီတင်ကိုယ်တိုင် ရှာပေးလိမ့်မယ်ကွ၊ မင်းတို့ ရှာရောမလိုတော့ဘူး၊ ပြန်ကြတော့''

ဟု အားတက်သရောဟန်ဖြင့် ပြောလေ၏။

''မဖြစ်နိုင်တာဗျာ၊ ဒေစီတင်က နတ်ကတော် မလျာကြီးပဲ၊ ပန်းမြိုင်ကို ဘယ်လိုလုပ် ရှာနိုင်မှာလဲဗျ''

ရွာသားတစ်ယောက်၏စကားကြောင့် သူကြီးဘခင်မှာ မျက်နှာင်ကြုတ်သွားပြီး ...

''မင်း ဘယ်လိုပြောလိုက်တာလဲ ... ငတင်ဟာ ဘဝပေးကောင်းလို့ မိန်းမလျာဖြစ်တာ ဘာဖြစ်သလဲ၊ တင်တို့လို နတ်ကတော်တွေရှိနေလို့ မမြင်ရတဲ့ပုဂ္ဂိုလ်တွေနဲ့ လူတွေရဲ့ကြားမှာ အဆင်ပြေနေတာကွ၊ နတ်ကိုင်ခံရတယ်ဆိုတာ မင်းတို့လိုကောင်မျိုးတွေပဲ၊ မိန်းမလျာချင်းတူရင်တောင် ဒေစီတင်တို့က မွန်မြတ်တဲ့ မိန်းမလျာကွ၊ ဘာကြောင့်လဲဆိုတော့ ကနားစီး ဖြစ်နေလို့ပဲ၊ မြဲမြဲမှတ်ထား ... ပန်းမြိုင်ပျောက်နေတာကို တင်က သူ့ရဲ့ခေါင်းစွဲနတ်ကို ပင့်ဖိတ်ပြီး

www.burmeseclassic.com

ပြေရှင်းလာလိမ့်မယ်၊ အလကား. . မိန်းမလျာလောက်တောင် အဖြစ်မရှိတဲ့ ကောင်တွေ၊ မင်းတို့မျက်နှာ မမြင်ချင်ဘူး . . . သွားကြစမ်း''

ဟု ဒေါသတကြီး မောင်းနှင်ထုတ်၏။

သူကြီး၏ကြိမ်းမောင်းသံကြောင့် ရွာသားများမှာ မကျေမနပ်ဖြင့် လှည့်ပြန်သွားကြလေ၏။

အငေါက်ခံရသော ရွာသားမှာ မကျေမနပ်ဖြင့် . . .

''တင့်ဘက်က ဒီလောက်ပြောနေပုံထောက်ရင် သူကြီးကိုယ်တိုင် ခြောက်သွားလို့ပဲ ဖြစ်ရမယ်၊ မိန်းမလျာအားပေးတဲ့ သူကြီး လူကြားထဲ ငါ့ကို သက်သက်မဲ့ ငေါက်လိုက်တာ . . . မကျေနပ်ဘူး''

ဟု တီးတိုးရေရွတ်လိုက်လေ၏။

❁ ❁ ❁

နောက်တစ်နေ့သို့ရောက်လျှင် သူကြီးအိမ်၌ လူများစုပြုံနေ၏။

ဒေစီတင်သည် အနက်ရောင်နတ်ဝတ်နတ်စားများ ဝတ်ဆင်လျက် ဖီးကြမ်းသုံးဖီးဖြင့် ပြင်ထားသည့် ပွဲရှေ့၌ ကျုံ့ကျုံ့လေးထိုင်နေ၏။

ထို့နောက် ပွဲ၌ နှဲ့သာတိုင်များ ထွန်းညှိစိုက်လျက် သပြေနှင်းက်ဖြင့် လက်အုပ်ချီကာ . . .

www.burmeseclassic.com

www.burmeseclassic.com

"အနောက်ပိုင်းတစ်ခွင် အစိုးရပါတဲ့ စီးတော်ကျား လက်မှာ ဓားနှင့် ငွေပွေးငွေဟောက်အရိုး ဆံထိုးထိုးနိုင်တဲ့ စပါးကြီး စပါးအုံး ခေါင်းအုံးလုပ်ပြီး အပြိုင်နှင့်အဆိုင် အနိုင်ကိုပေးစွမ်းနိုင်ပါတဲ့ ပညာသီးချ ကြိုးခေါင်းရပ်က အတောမသတ်နိုင်တဲ့ ပယောဂအားလုံးတို့နှင့် ကောင်းသည့်ဘက် ကြိုးစက်ကွင်းတွေ ဖယ်ရှားပေးနိုင်သော သပြေ တင်ပါတဲ့ ဟော်နန်းထိပ်တင် အမေရေယဉ်ရှင် ...

စနေသားအား နွတ်စီး နာမ်ချင်းပါ၍ သတ္တဝါအကျိုး သယ်ပိုး ပါရန် ရှိသေစွာ ပင့်ဖိတ်အပ်ပါသည် ဘုရား"

ဟု နတ်သံနှော၍ ပင့်ဖိတ်လေ၏။

တစ်အောင့်မျှကြာလျှင် ဒေစီတင်မှာ တစ်ကိုယ်လုံး ယိမ်းထိုး လျက် သပြေခက်ဖြင့် နဖူးရိုက်ကာ ...

"ဟော်နန်းထိပ်တင် အမေရေယဉ်ဟဲ့၊ အမေ လာပြီကွဲ့၊ ကိုင်း ... အပူဇော်ကြွတဲ့ ဟောဒီက ကြာသပတေးသားကြီး လျှောက် စမ်းကွဲ့."

ဟု သူကြီးဘခင်၏ခေါင်းအား သပြေခက်နှင့်ရိုက်ကာ ပြော လိုက်၏။



သူကြီးဘခင်မှာ ရိုကျိုးသောအမူအရာဖြင့် ပုဆစ်တုပ်ထိုင် လျက် ရှေ့တိုးကာ ...

"မှန်လှပါ မယ်တော်ကြီး ... သားတော်ရဲ့ရွာမှာ ပန်းမြိုင် ဆိုတဲ့ ကလေးမတစ်ဦး ပျောက်ဆုံးနေပါတယ်၊ သားတော်တို့ နေရာအနှံ့ ရှာပေမယ့် ဘယ်လိုမှ ရှာမတွေ့ပါဘူး မယ်တော်ကြီး၊ ဒီအရေးကိစ္စ မယ်တော်ကြီး ကူညီမစပါ ဘုရား"

ဟု ပျာပျာသလဲ ပြောလိုက်၏။

ဒေစီတင်မှာ မျက်လုံးစုံမှိတ် ယိမ်းထိုးနေရာမှ ရင်ဘတ်ကို လက်ဖြင့် တဘုံးဘုံးရိုက်၍ ...

"အမေကယ်မယ်ဟဲ့ သားတော်ကြီးရဲ့၊ အမေ့ကို စားကြေး အသပြာ ဆက်သစမ်းကွဲ့."

ဟု ဆိုလိုက်ရာ သူကြီးဘခင်မှာ အင်္ကျီအိတ်တွင်းရှိ ငွေများ အား နှိုက်ယူလိုက်၏။

ထို့နောက် ငွေစက္ကူများအား ဒေစီတင်လက်တွင်းသို့ ထည့်၍ ...

"စားကြေး ဆက်သပါတယ် အမေရယ်၊ ပန်းမြိုင်ကို [illegible]

www.burmeseclassic.com

ပြန်တွေ့အောင် စောင့်ရှောက်ပေးတော်မူပါ၊ အားကိုးပါတယ် အမေ''

ဟု ဆိုလိုက်၏။

''အိမ်း . . . ပျောက်သောသူကို မရှာဖွေဘဲ သုံးရက်အတွင်း ပြန်တွေ့လိမ့်မယ် သားတော်ရဲ့၊ သားတော်ကြီး ကျေနပ်ရဲ့လားကွဲ့''

ဒေစီတင်၏စကားကြောင့် သူကြီးဘခင်မှာ ဝမ်းသာအားရ ဖြစ်သွားပြီး . . .

''ကျေနပ်ပါတယ် အမေ၊ သားတော် ကျေနပ်ပါတယ်၊ သားတော်တို့ အခက်အခဲကို ဖယ်ရှားပေးတဲ့အတွက် အမေ့ကို ကျေးဇူးတုံ့ ပြန်ချင်ပါတယ်၊ ဘယ်လိုများ လုပ်ပေးရမလဲဆိုတာ အမိန့်ရှိပါအမေ''

ဟု မေးလိုက်၏။

ဒေစီတင်မှာ မေးဆတ်ဆတ်တုန်မတတ် ယိမ်းထိုးနေရာမှ . . .

''ပျောက်သောသူကို မရှာဖွေဘဲ သုံးရက်အတွင်း ပြန်တွေ့အောင် မမယ်ကွဲ့၊ ဒီ့အတွက် သားတော်ကြီးက အမေ့ကို စားတော်စာ ဆက်သရမယ်၊ စားကြေးငွေအသပြာ တစ်ရာ့တစ်ကျပ် တင်ရမယ်ကွဲ့၊ စားတော်ဆက်သတဲ့အခါ အမေ့ရဲ့ စီးတော်ကျားအတွက် ကျားစာပါ



ထည့်ရမယ်ကွဲ့၊ လိုအပ်တာရှိရင် အခု နာမ်ချင်းနေတဲ့ လိပ်ပြာရှင် စနေသားကို အာရုံချမကွဲ့၊ အိမ်း အိမ်း အိမ်း . . . အမေ ပြန်ကြွမယ် ကွဲ့''

ဟုပြောပြီးလျှင် သပြေခက်နှင့် နဖူးအား တဖြောင်းဖြောင်း ရိုက်လေ၏။

ထို့နောက်တွင်မူ ဒေစီတင်သည် ကိုယ်ယိမ်းထိုးနေရာမှ ငြိမ်ကျသွားပြီး . . .

''အမယ်လေးနော် . . . ပူလိုက်တာ၊ ဟဲ့ ကောင်မတွေ . . . ရေကြည်တော် လာပေးပါဦးဟဲ့''

ဟု ၎င်း၏ တပည့်မလျာအား လှမ်းပြော၏။

မိန်းမလျှာနှစ်ဦးသည် အလျင်အမြန်ပင် ရေတကောင်းတွင်[illegible] ရေအား ငှဲ့ပေးလေ၏။

မောင်မောင်နိုင်မှာ ဒေစီတင်၏နဖူး၌ ယိုစီးကျနေသည့် [illegible] များအား ပဝါဖြင့် တယုတယ သုတ်ပေးလိုက်၏။

ရေသောက်ပြီးလျှင် ဒေစီတင်က . . .

''အမယ်လေး . . . ပူလိုက်တာ သူကြီးရယ်၊ ပုဆိုးထည်တွေ

www.burmeseclassic.com

www.burmeseclassic.com



နာမ်ချင်းပြီးရင် ဒီလိုပဲ တစ်ကိုယ်လုံး မီးပူဟပ်သလို ပူနေတာ၊ ပြောပါဦးရှင့် ...အနောက်မယ်တော်က ဘာမိန့်သွားသေးလဲ''

ဟု အသံစာစာဖြင့် မေးလိုက်၏။

''မယ်တော်ကြီးမိန့်သွားတာ အားရစရာပဲကွ၊ ပန်းမြိုင်ကို သုံးရက်အတွင်း ပြန်တွေ့အောင် မ,မယ်တဲ့၊ ဒါပေမဲ့ မရှာဖွေဘဲ ပြန်တွေ့မှာတဲ့ကွ၊ ပြီးတော့ မယ်တော်ကြီးအတွက် စားတော်ပွဲ လုပ်ပေးရမယ်တဲ့၊ စားကြေးငွေ တစ်ရာ့တစ်ကျပ် တင်ရမယ်တဲ့ကွ၊ ပြီးတော့ စီးတော်ကျားအတွက် ကျားစာပါ ပါရမယ်တဲ့ကွ''

သူကြီးဘခင်၏စကားဆုံးလျှင် ဒေစီတင်က ...

''အနောက်မယ်တော်ကြီးက သိပ်အစွမ်းထက်တာရှင့်၊ သူမတူအောင်ကို မတာ၊ ဒီအတိုင်းဆို ပျောက်နေတဲ့ပန်းမြိုင်ကို အမြန် ပြန်တွေ့မှာ သေချာတယ်၊ ကျုပ်တို့လည်း မြို့ပြန်ဖို့ စီစဉ်တော့မယ်''

ဟု ပြောလိုက်ရာ သူကြီးက ...

''ရောက်တုန်းရောက်ခိုက် အေးအေးဆေးဆေး နေစမ်းပါဦး တောင်ရာ၊ နှစ်တွေအကြာကြီးနေမှ တစ်ကြိမ်ပြန်လာတဲ့ဟာကို ဖင်ပူ မနေစမ်းနဲ့''



ဟု ပြောလိုက်၏။

''နေချင်ပါတယ်ကော်၊ ရွာကိုလာကတည်းက အကြာကြီး နေဖို့ စိတ်ကူးခဲ့တာပါ၊ ဒါပေမဲ့ မောင်မောင်လိုက်လာပြီး မြို့မှာ ပွဲရက်တွေ ချိတ်ထားပြီးပြီဆိုတဲ့အကြောင်း ကြားလိုက်တော့ မနေနိုင်တော့ဘူးရှင့် ... ဟင်း ဟင်း ဟင်း''

ဒေစီတင်သည် လွန်စွာပျစ်ချွဲသောအသံဖြင့် ပြောဆို၍ မောင်မောင်နိုင်၏လက်အား လှမ်းကိုင်လိုက်၏။

သူကြီးဘခင်သည် မောင်မောင်နိုင်အား ကြည့်၍ ...

''မင်းပဲ အားကိုးရတော့မယ် မောင်မောင်နိုင်ရေ၊ ငတင့်ကို ပြောပေးပါဦးကွာ ... ရွာမှာ တစ်ပတ်လောက် နေပေးကြပါ၊ တို့ရွာက နတ်ကို ယုံကြည်ကိုးကွယ်ပေမယ့် နတ်နဲ့ အလှမ်းဝေးတယ်ကွ၊ တောင်က ဟောတတ်,ပြောတတ်တော့ နတ်မေးချင်တဲ့ ရွာသားတွေအတွက် နတ်မသလိုပါပဲကွာ၊ ဒါကြောင့် တစ်ပတ်လောက်နေပေးပြီး ရွာသားတွေရဲ့ လူမှုရေး, စီးပွားရေးတွေကို အကူအညီပေးပါလို့ ပြောချင်တာပါ''

ဟု အားကိုးတကြီး ပြောလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်နိုင်သည် ရယ်ကျဲကျဲ အမူအရာဖြင့် ဒေစီတင်၏ ပခုံးကို ဖက်လိုက်ရင်း . . .

''ကဲပါ ဒေစီရယ် . . . ပွဲရက်တွေကို ခေါင်းထဲထည့်မနေပါနဲ့၊ သူကြီးနဲ့ရွာသားတွေ စိတ်ချမ်းသာအောင် တစ်ပတ်လောက် နေပေးကြတာပေါ့''

ဟု ပြောလိုက်ရာ ဒေစီတင်မှာ မောင်မောင်နိုင်၏ပါးအား လိမ်ဆွဲ၍ . . .

''မောင်မောင့်သဘော မောင်မောင့်သဘော''

ဟု အသံစာစာဖြင့် ဆိုလိုက်လေ၏။

ရွာသားများသည် ၎င်းတို့နှစ်ဦးအားကြည့်၍ 'တခွီးခွီး' ကျိတ်ကာ ရယ်မောကုန်ကြလေ၏။

✺ ✺ ✺

တစ်ညသ၌ ရွှေဂူရွာလေးသည် တိတ်ဆိတ်လျက် နှစ်ခြိုက်စွာ အိပ်မောကျနေ၏။

ရွာလမ်းမ၌မူ အလုပ်သမားအဘိုးအိုတစ်ဦးသည် သီချင်းကြိုးတစ်ပုဒ်အား လေးတွဲစွာဆို၍ ဒယိမ်းဒယိုင်ဖြင့် လျှောက်လာ၏။

ရွာစွန်ရှိ ပျဉ်းမပင်တစ်ပင်အောက်အရောက်တွင် အဘိုး

www.burmeseclassic.com

www.burmeseclassic.com



အိုသည် ခေါင်းစိုက်လဲကျလျက် . . .

"ရင်ထဲက ပူလိုက်တာကွာ၊ အေ့ . . . ခုနေချိန်များ ရေအေးအေးလေးသောက်ရရင် သိပ်ကောင်းမယ်ဟေ့"

ဟု ရင်ဘတ်ကိုပွတ်ကာ ရေရွတ်လိုက်၏။

ထိုအခိုက်မှာပင် ရွာစွန်တောစပ်ဆီမှ ဆွဲငင်စွာအူလိုက်သည့် ခွေးအူသံအား အဆက်မပြတ် ကြားလိုက်ရ၏။

အရက်သမားအဘိုးအိုမှာ ခွေးအူသံကြောင့် ခေါင်းထောင်သွားပြီး . . .

"ခွေးကအူ ရင်ကပူ အရက်လည်းကုန် ရေလည်းမရှိ . . . ဟား ဟား ဟား. . . အေ့ အေ့ အေ့"

ဟု ကပေါက်တိကပေါက်ချာ ရေရွတ်လိုက်၏။

ထိုသို့ ရေရွတ်နေစဉ်မှာပင် အရပ်လေးမျက်နှာမှ လေပွေများသည် ပျဉ်းမပင်ကြီးအား ဝှေ့ယမ်းတိုက်ခတ်လာ၏။

လေတိုးသံကြောင့် အပင်မှ အကိုင်းအခက်များသည် တရှဲရှဲမြည်လျက် ရှိချေ၏။

အဘိုးအိုမှာ ယိမ်းထိုးနေသောကိုယ်ကို အားယူ၍ ထရှိန်ပြင်လိုက်၏။

ထိုအခိုက်မှာပင် 'ဘုတ်' ခနဲအသံနှင့်အတူ ဂုင်းရှေ့သို့ တစ်စုံတစ်ခု ပြုတ်ကျလာ၏။

"ဟ ဟ . . . ပျဉ်းမပင်က ထန်းသီးများ ကြွေရော့သလားဟ၊ ဘာကြီးလဲ . . . အေ့"

အဘိုးအိုသည် အမူးလွန်သောအရှိန်ကြောင့် မတ်တတ်ပင် မရပ်နိုင်ရှာ။

ထို့ကြောင့် လေးဖက်ထောက်သွား၍ ထိုအရာအား ကြည့်လိုက်ရာ . . .

"ဟာ . . . ဘူးသီးခြောက်ရော့ဘူးပါလား၊ ငါ ရင်ပူနေတာ သိလို့ သစ်ပင်စောင့်နတ်က မစလိုက်တာပဲ ဖြစ်ရမယ် . . . ဟီး ဟီး ဟီး . . . အေ့"

ဟု ပြောကာ ရေအား အငမ်းမရ မော့သောက်လိုက်၏။

"အာ . . . ရေက တစ်မျိုးကြီးပါလား၊ ပျစ်ချွဲချွဲနဲ့၊ သောက်လို့လည်း မကောင်းဘူး"

အဘိုးအိုသည် ရေရွတ်လျက် ပါးစပ်၌ပေကျံနေသော အ

www.burmeseclassic.com

www.burmeseclassic.com



များအား လက်ခုံဖြင့် သုတ်လိုက်၏။

လ၏ အလင်းရောင်အောက်၌ ဂုဏ်၏လက်အား ငုံ့ကြည့်မိလျှင် ...

"ဟင် ... ရေကာ နီနေပါလား၊ ဟာ ... ဒါ ဒါ သွေးသွေးတွေ"

ဟု အထိတ်တလန့် အော်ဟစ်ကာ အပင်အား မော့ကြည့်လိုက်၏။

မော့ကြည့်မိသည်နှင့် တစ်ပြိုင်နက် အဘိုးအိုမှာ 'အား' ခနဲ ငယ်သံပါအောင် အော်ဟစ်၍ ထိုနေရာ၌ပင် မေ့လဲကျသွားလေ၏။

အဘိုးအို၏အော်သံကြောင့် ရွှေဂူတစ်ရွာလုံး လန့်နိုးကုန်၏။

သူကြီးဘခင်မှာ အိပ်ရာမှ ဆတ်ခနဲ ထထိုင်၍ ခြံပြင်သို့ ပြေးထွက်ခဲ့၏။

"ဘာဖြစ်တာလဲဟေ့ ... ဘာဖြစ်တာလဲ"

"ကျုပ်တို့လည်း မသိဘူး သူကြီး၊ အသံကြားလို့ ထွက်လာတာ၊ အသံက ရွာလမ်းမပေါ်ကပဲ ... အမြန်သွားကြည့်ရအောင်"

သူကြီးနှင့် မီးတုတ်ကိုင်ရွာသားများမှာ တစ်ယောက် ကိုယ်



ပေါက် ပြောဆိုလျက် ရွာလမ်းအတိုင်း သုတ်ခြေတင်ကြလေ၏။

ပျဉ်းမပင်ကြီးသို့ရောက်လျှင် မေ့လဲနေသော အဘိုးအိုအား မြင်တွေ့သွားကြ၏။

"ဟင် ... အမူးသမား ဘိုးစိန်ကြီးပါလား၊ ဘယ်လိုဖြစ်ပြီး ဒီမှာ လဲနေရတာလဲ၊ ဟေ့ကောင်တွေ ... ဘိုးစိန်ကြီးကို ပွေ့ခေါ်ခဲ့စမ်း"

သူကြီးဘခင်သည် ထိုသို့အမိန့်ပေးလျက် ခြေလှမ်းကျဲကြီးဖြင့် အိမ်သို့ လျှောက်ခဲ့၏။

သူကြီးအိမ်သို့ရောက်လျှင် ရွာသားများသည် ဘိုးစိန်ကြီးအား ကွပ်ပျစ်ပေါ်တင်လိုက်၏။

ဘိုးစိန်ကြီးသည်ကား တုပ်တုပ်မျှပင်မလှုပ်။ မေ့မြောလျက်ပင်ရှိချေ၏။

"ဆေးဆရာပင့်ရမလား သူကြီး၊ ဘိုးစိန်ကြီး လုံးဝ သတိမရသေးဘူး"

ရွာသားတစ်ယောက်၏အပြောကြောင့် သူကြီးဘခင်မှာ ခေါင်းညိတ်ယမ်းလျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ဆေးဆရာမလိုဘူး၊ ရေပုံးဆွဲပြီး ခေါင်းကနေ လောင်းချလိုက် ... သတိလည်လာလိမ့်မယ်"

ဟု ပြောလိုက်၏။

သူကြီး၏စကားကြောင့် ရွာသားမှာ ရေပုံးပြေးဆွဲ၍ ဘိုးစိန်ကြီးအား 'ပွမ်း' ခနဲ လောင်းချလိုက်လေ၏။

ဘိုးစိန်ကြီးမှာ ညည်းညူသံများ ထွက်လာပြီး မျက်လုံးဖွင့်ကာ ...

"အ အရိုးခေါင်းကြီး ... ငါ့ကို လျှာထုတ်ပြတယ် ... ငါ ကြောက်တယ် ကြောက်တယ်"

ဟု အော်ဟစ်လျက် ကွပ်ပျစ်ပေါ်မှ ပြေးဆင်းလာ၏။

ဘိုးစိန်ကြီး၏စကားကြောင့် သူကြီးမှာ မျက်မှောင်ကြုတ်သွားရ၏။

ရွာသားများသည်လည်း မျက်နှာမသာမယာဖြင့် သူကြီးအား လှမ်းကြည့်လိုက်၏။

ရွာသားနှစ်ယောက်မှာ သွေးရူးသွေးတန်း လျှောက်ပြောနေသော ဘိုးစိန်ကြီးအား ဖမ်းချုပ်လျက် ...



"ဘိုးစိန်ကြီး ... သတိထားပါဦးဗျ၊ ဘာအရိုးခေါင်းမှ မရှိပါဘူး၊ ဘိုးစိန်ကြီး အမူးလွန်ပြီး သွေးကြောင်သွားပြီထင်တယ်"

ဟု တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြ၏။

ဘိုးစိန်ကြီးမှာ မျက်လုံးပြူး မျက်ဆန်ပြူး အမူအရာဖြင့် ခေါင်းတွင်တွင်ခါယမ်းလျက် ...

"မဟုတ်ဘူး မဟုတ်ဘူး ... ပျဉ်းမပင်အောက်ရောက်တော့ ငါ ငါ အမူးလွန်ပြီး လဲကျသွားတယ်၊ ရေ ... ရေ အရမ်းဆာလို့ ညည်းညူနေတုန်းမှာ ခွေး ခွေးအူသံကြားရတယ်၊ ပြီး ပြီးတော့ ငါ့ရှေ့ကို ဘူး ဘူးသီးခြောက်ရေဘူး ပြုတ်ကျလာတယ်၊ ငါ ငါ လည်း ရေဆာတာနဲ့ မော့သောက်လိုက်တယ် ...၊

အဲ ... အဲဒီမှာ ငါသောက်မိတာ ရေမဟုတ်ဘူး၊ သွေး ... သွေးတွေဆိုတာ ငါ သိလိုက်ရတယ်၊ အပင်ပေါ်ကို မော့ကြည့်တော့ အရိုးခေါင်းကြီး တွဲလောင်းကျပြီး ငါ့ ငါ့ကို လျှာထုတ်ပြတယ် ...၊

ဒါ ... ဒါဟာ မူးလို့မဟုတ်ဘူး၊ အထင်အရှားကြီးကို တွေ့ခဲ့တာ၊ ငါ့ ငါ့ကို ပျဉ်းမပင် သရဲခြောက်တယ်"

ဟု ပြောလိုက်ရာ သူကြီးနှင့်ရွာသားများမှာ မြင်တွေယင်

www.burmeseclassic.com

"ဘာ ...ပျဉ်းမပင်သရဲ ...ဟုတ်လား"

ဟု အထိတ်တလန့် ရေရွတ်မိကြ၏။

ဘိုးစိန်ကြီးမှာ သူပြောချင်ရာပြောပြီးနောက် ကွက်ပျစ်ပေါ်သို့ 'ဘုန်း' ခနဲ လှဲချကာ တရှူးရှူးဖြင့် အိပ်ပျော်သွားလေတော့၏။

သူကြီးဘခင်မှာ စိတ်ပျက်သောအမူအရာဖြင့် ဘိုးစိန်ကြီးကို ကြည့်၍ ...

"ပျဉ်းမပင်က ခြောက်လှန့်တယ်တဲ့၊ ဒါဟာ ဘိုးစိန်ကြီးပဲ မူးရူးလို့ လျှောက်ပြောတာလား၊ ဘိုးစိန်ကြီး တကယ်ပဲ ကြုံတွေ့ခဲ့တာလား၊ အင်း ... အရူးစကားနဲ့ အမူးစကားကို မယုံသင့်သလို မယုံလို့လည်းမရဘူး ...၊

နာနာဘာဝ ခြောက်လှန့်မှုဆိုတာ ရွာမှာ တစ်ခါမှ မကြုံဖူးဘူး၊ ကြက်တွေ အခိုးခံရတယ်၊ လူပျောက်တယ်၊ အခု တစ္ဆေခြောက်လှန့်မှုပါ ကြုံနေရပြီ၊ ဒါတွေအားလုံးဟာ လူပျိုနတ်ပသပွဲမှာ အမှားအယွင်း ရှိခဲ့လို့များလား၊ ဟာ ...စိတ်ရှုပ်ဖို့ ကောင်းလိုက်တာ"

ဟု ညည်းညူလိုက်လေတော့၏။

❁ ❁ ❁

နံနက်ခင်းတစ်ခု၌ ရွှေဂူရွာသား သစ်ခုတ်သမားတစ်စုသည် သီချင်းတကြော်ကြော်ဖြင့် တောတိုးဝင်ကြလေ၏။

တောနက်ထဲသို့ရောက်လျှင် ၎င်းတို့သည် အလုပ်မလုပ်သေးဘဲ ထမင်းထုပ်များကိုဖွင့်ကာ စားသောက်ကြ၏။

သစ်ခုတ်သမားတစ်စုသည် အပင်ကြီးတစ်ပင်အောက်၌ ဝိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့ထိုင်၍ ထမင်းကို မြိန်ရည်ရှက်ရည် စားသောက်ကြလေ၏။

၎င်းတို့ထဲမှ တစ်ယောက်သည် စားသောက်ရင်း သစ်ပင်ကြီး အား လှမ်းကြည့်လျက် ...

"ဟော့ ဟော့ ... ဟိုမှာကြည့်ကြစမ်း၊ အပင်မှာ ဘာတွေ ရေးထားတာလဲကွ"

ဟု လက်ညှိုးထိုး ပြောလိုက်၏။

ကျန်လူများမှာ ၎င်းညွှန်ပြရာသို့ ပြိုင်တူကြည့်မိလျက် ...

ဒီနေ့ ဒီအချိန်ကစပြီး ရွှေပုရွာဟာ သုသာန်တစပြင်လို ချောက်ချား စေရမယ်။ လမိုင်းနှောင့်သလို ဘဝပျက်မတတ် ခံစားစေရမယ်။

ပျဉ်းမတစ္ဆေ

သစ်ခုတ်သမားများသည် ထိုစာအား ဖတ်ရှုမိလျှင် အကြီးအ ကျယ် ထိတ်လန့်သွားကုန်၏။

ထိုအခိုက်မှာပင် သစ်ခုတ်သမားတစ်ဦးသည် အဝေးရှိ အပင် ဆီသို့ အကြည့်ရောက်သွားပြီး ...



"ဟာ ... ဟိုအပင်မှာလည်း စာတွေရေးထားတယ်၊ သွား ဖတ်ကြည့်ရအောင်"

ဟု ပြောလျက် အပြေးထကြည့်လေ၏။

ကျန်လူများသည်လည်း ၎င်းနောက်သို့ ပြေးလိုက်သွားကြ၏။

အပင်သို့ရောက်လျှင် မြေဖြူဖြင့်ရေးခြစ်ထားသည့် စာများအား ဖတ်ရှုကြည့်ရာ ပထမနည်းတူ ရေးထားသည်ကို တွေ့ရ၏။

၎င်းတို့သည် တောတွင်းရှိအပင်များအား လှည့်ပတ်ကြည့် ကြ၏။

အပင်များ၌ "ပျဉ်းမတစ္ဆေ" စာများ ရေးထားသည်ကို တွေ့ ရလေ၏။

ထို့နောက်တွင်မူ သစ်ခုတ်သမားများသည် ရွာသို့ အသည်း အသန် ပြန်ပြေးကြလေ၏။

၎င်းတို့ ရွာဝင်လမ်းသို့ ရောက်သည်နှင့် တစ်ပြိုင်နက် ...

"အမယ်လေး ကိုမြမောင်ရဲ့ ... ကျုပ်ကို စိတ်မချပါဘူး ဆိုတဲ့လူ၊ ခုတော့ ထားရစ်ပြီပေါ့။ ကျုပ်ယောကျ်ားကို ကယ်နိုင် တော့ဘူးလား အရပ်ကတို့ရဲ့ ... အီး အီး အီး"

www.burmeseclassic.com

www.burmeseclassic.com



တူသော အမင်္ဂလာအသံကြီးကို ကြားလိုက်ရ၏။

သစ်ခုတ်သမားများမှာ အသံလာရာသို့ ပြိုင်တူကြည့်မိလျှင် ခြိုင်းတစ်ခုရှေ့၌ လူများ စုပြုံနေကြောင်း တွေ့ရလေ၏။

"ဘာဖြစ်တာလဲဗျ . . . ကိုမြမောင် ဘာဖြစ်လို့လဲ"

သစ်ခုတ်သမားများ၏ လှမ်းအမေးကို လူစုထဲမှတစ်ဦးက . . .

"ကိုမြမောင် ဆုံးပြီဗျ။ နေ့မြင်ညပျောက်ဆိုတဲ့စကားဟာ ကိုမြမောင်နဲ့ကျမှ မှားသွားပြီ၊ ညက ကျုပ်တို့နဲ့ ဖားရိုက်သေးတယ်၊ ဒီမနက် ပိုးထိလို့ သေရှာပြီ၊ ညမြင်နေ့ပျောက် ဖြစ်သွားရှာတဲ့ မြမောင်ကြီးအတွက် စိတ်မကောင်းစရာပဲကွာ"

ဟု စိတ်ကောင်းဟန်ဖြင့် လှမ်းပြော၏။

သစ်ခုတ်သမားများမှာ တစ်ဦးမျက်နှာ တစ်ဦးကြည့်လျက် မှင်တက်သွားကြ၏။

"တောထဲက အပင်တွေမှာ ပျဉ်းမတရွှေဆိုတဲ့ ကြောက်စရာကောင်းတဲ့စာတွေ တွေ့ခဲ့တယ်။ ရွာရောက်တော့ အမင်္ဂလာနဲ့ ကြုံတယ်၊ ပျဉ်းမတရွှေရဲ့စာတွေဟာ တို့ရွာအတွက် ကျိန်စာများလား"

သစ်ခုတ်သမားထဲမှ တစ်ဦးသည် တုန်ယင်သောအသံဖြင့်



တီးတိုးရေရွတ်လိုက်၏။

၎င်း၏စကားကြောင့် ကျန်လူများမှာ မျက်နှာအကြီးအကျယ် ပျက်လျက် . . .

"တို့တွေ ဒီကျိန်စာအကြောင်းကို သူကြီးကို အမြန်သွားပြောမှ ဖြစ်မယ်၊ ဒါဟာ ရွာအတွက် အန္တရာယ်အချက်ပေးသံပဲကွ"

ဟု တစ်ယောက်က ပြောလိုက်၏။

BURMESE CLASSIC .com

ထို့နောက်တွင်မူ သစ်ခုတ်သမားများသည် သူကြီးအိမ်သို့ ပြေးလွှားသွားကြကုန်တော့၏။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

"ဘာ . . . ပျဉ်းမတာရွှေရဲ့ ကျိန်စာ . . . ဟုတ်လား၊ အဓိပ္ပာယ်မရှိလိုက်တာ၊ ကျိန်စာတိုက်ရအောင် တို့ရွာက လူပျိုနတ်ကို နှစ်စဉ်ပသခဲ့တာပဲ၊ တစ်ရွာလုံး ဘာသာရေးကိုင်းရှိုင်းသလို နတ်ကိုလည်း ယုံကြည်ပသကြတယ်၊ ရွှေဂူရွာကို ဘယ်နတ်မှ ကျိန်စာမတိုက်နိုင်ဘူး၊ မင်းတို့ မူးရူးပြီးများ ပြောနေသလားကွ . . . ဟေ"



သူကြီးဘခင်မှာ မျက်နှာနီရဲလျက် ဒေါသတကြီး အော်ပစ်လိုက်၏။

သစ်ခုတ်သမားများမှာ မဝံ့မရဲအမူအရာဖြင့် . . .

"ကျုပ် ကျုပ်တို့က သစ်ခုတ်တဲ့အချိန် ထန်းရည်မသောက်ပါဘူး သူကြီး၊ သောက်ချင်တာတောင် မသောက်ရဲပါဘူး၊ ဘာကြောင့်လဲဆိုတော့ တောနဲ့ရွာကို စောင့်ရှောက်နေတဲ့ လူပျိုနတ် မကြိုက်မှာစိုးလို့ပါ၊ နတ်ကိုင်ခံရမှာကို ကျုပ်တို့ သေမတတ်ကြောက်ရွံ့ကြပါတယ်၊ သူကြီး မယုံရင် လိုက်ကြည့်ပါ၊ တောနက်ထဲက အပင်တွေမှာ ပျဉ်းမတာရွှေရဲ့ကျိန်စာတွေ ရှိပါတယ်"

ဟု တစ်ဦးမှ ပြောလိုက်၏။

သူကြီးဘခင်မှာ ပုဆိုးကြီးမလျက် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာမှ . . .

"ကောင်းပြီ . . . ငါကိုယ်တိုင် လိုက်ကြည့်မယ်၊ မဟုတ်လို့ကတော့ မင်းတို့တစ်ဖွဲ့လုံး ထိတ်တုံးတစ်လပဲကွ၊ ဟေ့ မောင်မြင့်နဲ့ မောင်ညို . . . လာကြစမ်း"

ဟု ကြုံးဝါးလျက် တပည့်နှစ်ဦးအား လှမ်းခေါ်၏။

www.burmeseclassic.com



ထို့နောက်တွင်မူ သစ်ခုတ်သမားတစ်စုနှင့် သူကြီးတို့မှာ တောဘက်သို့ ထွက်သွားကြလေ၏။

သူကြီး၏ သတင်းဖြန့်မှုကြောင့် ရွာသားများသည်လည်း စိတ်ဝင်တစားဖြင့် လိုက်ပါသွားကြ၏။

တောနက်ထဲသို့ရောက်လျှင် သူကြီးသည် ကျိန်စာရေးထားသော သစ်ပင်များအား လှည့်ပတ်ကြည့်ရင်း ...

''တောက် ... ဒါ တစ်ယောက်ယောက် လက်ဆော့ပြီး ရေးထားတာကွ၊ တို့ရွာသားတော့ မဖြစ်နိုင်ဘူး၊ တို့ရွာနဲ့ မတည့်တဲ့ အိုးဘိုရွာသားတွေ လက်ဆော့သွားတာပဲ ဖြစ်ရမယ်''

ဟု ဒေါသတကြီး ပြောလိုက်၏။

''အာ သူကြီးကလည်းဗျာ ... စဉ်းစဉ်းစားစားလည်း ပြောပါ၊ ဟိုမှာကြည့်ပါဦး ... အပင်တွေအများကြီး စာရေးထားတာဗျ။ ဒါဟာ တစ်ယောက်တည်းက လျှောက်ရေးတာ မဖြစ်နိုင်ဘူး၊ ကျုပ်ကတော့ အိုးဘိုရွာသားတွေလို့ မထင်ဘူးဗျို့၊ တစ်လောက လူပျိုနတ်ပသပွဲမှာ ကျုပ်တို့ရွာက အမှားအယွင်းရှိခဲ့တယ် မဟုတ်လား၊ ဒါဟာ လူပျိုနတ်ရဲ့ကျိန်စာပဲ ဖြစ်ရမယ်ဗျ''



ရွာသားတစ်ယောက်၏ အာပေါင်အာရင်းသန်သန်ဖြင့် ပြောစကားကို နောက်တစ်ယောက်က ...

''အိုးဘိုရွာသားလည်း မဟုတ်ဘူး၊ လူပျိုနတ်ရဲ့ကျိန်စာလည်း မဖြစ်နိုင်ဘူး၊ တစ်နေ့ညက ဘိုးစိန်ကြီးဟာ ရွာလမ်းက ပျဉ်းမပင်မှာ တစ္ဆေခြောက်ခံခဲ့ရတယ်၊ စာမှာရေးထားတာလည်း ပျဉ်းမတစ္ဆေတဲ့၊ ဒါကြောင့် ဒီကျိန်စာဟာ ပျဉ်းမတစ္ဆေရဲ့ကျိန်စာဆိုတာ အသေအချာပဲဗျို့''

ဟု ပြောလိုက်၏။

ထိုရွာသား၏စကားကြောင့် သူကြီးဘခင် မျက်မှောင်ကြုတ်သွားလျက် ...

''အေး ... မင်းပြောတာ စဉ်းစားစရာပဲ၊ ဘိုးစိန်ကြီး ခြောက်လှန့်ခံရတယ်၊ အခု ခြိမ်းခြောက်သလို ကျိန်စာလိုစာတွေ ပေါ်လာတယ်၊ ဟုတ်တယ် ... ဒါဟာ ပျဉ်းမတစ္ဆေရဲ့လက်ချက်ပဲကွ၊ တို့ ဘာလုပ်ကြရင် ကောင်းမလဲ''

ဟု ပြောလိုက်၏။

ထိုအခိုက်မှာပင် ...

www.burmeseclassic.com

www.burmeseclassic.com



''ဟား ဟား ဟား ...လူတွေဟာ အရူးတွေဆိုတဲ့စကားဟာ တယ်မှန်ပါလားဟေ့၊ ဦးနှောက်မရှိတဲ့ လူကြီးတွေ၊ တစ္ဆေက မြေမြှုပ်ခဲ မကိုင်နိုင်ဘူး၊ ကုပ်ချိုးပြီးတော့ပဲ သတ်နိုင်တယ် ...မသေမချင်း မှတ်ထားကြစမ်း ...ဗေထိ ဗေထိ ပြောင် ...ဟီး ဟီး ဟီး ...ဟား ဟား ဟား''

ဟူသောအသံအား ကြားလိုက်ရ၏။

အသံကြောင့် ရွာသားများနှင့်သူကြီးမှာ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်မိ၏။

ထိုအခါ လွန်စွာစုတ်ပြတ်ပေရေနေသည့် အဝတ်အစားနှင့် ယပ်တစ်ချောင်း ခေါင်းစိုက်လျက် ကွေးနေအောင် ကခုန်နေသော အရူးတစ်ယောက်အား တွေ့လိုက်ရ၏။

''ဟာ ...အရူးပါလား၊ ဘယ်က ရောက်လာတာလဲကွ တို့ရွာက မဟုတ်ဘူး၊ ဟေ့ ...မင်း ဘယ်ရွာကလဲ၊ ဒီတောထဲ ဘယ်လိုရောက်နေတာလဲကွ''

သူကြီးဘခင်၏ အမေးကြောင့် အရူးက ...

''ဟီး ဟီး ဟီး ...လမ်းတိုင်းက ငါ့အိမ်ပဲကွ တော့်ကြီး



ဒီမှာကြည့် ...လှဲအိပ်လို့လည်း ရတယ်၊ ထိုင်လို့လည်း ရတယ်၊ ဘယ်လောက်ပျော်ဖို့ကောင်းသလဲ ...ပတ် ဗေမုံထိ ထိ ထိ ထိ''

ဟု ပြန်ပြောလိုက်ရာ သူကြီးမှာ အကြီးအကျယ် စိတ်ပျက်သွားရ၏။

''ကဲပါ သူကြီးရယ် ...အရူးဆိုတာ ဘာမှ မေးလို့ရမှာ မဟုတ်ဘူး၊ ကျုပ်တို့ ရွာပြန်ပြီး ပျဉ်းမတစ္ဆေကိစ္စ တိုင်ပင်ကြရအောင်ဗျာ''

ရွာသားတစ်ဦး၏စကားကြောင့် သူကြီးဘခင်မှာ အရူးအား မကျေမနပ်ကြည့်ကာ လှည့်ထွက်သွား၏။

ရွာသားများသည်လည်း ကျိန်စာအကြောင်း ကိုယ်စီတွေးလျက် စိုးရိမ်စိတ်နှင့်အတူ ရွာသို့ ပြန်ခဲ့ကြလေတော့၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

လွန်စွာမှောင်မိုက်သော ညတစ်ညသ္ဌ ငှက်ပစ်သမားနှစ်ဦးသည် မီးအုပ်ဆောင်းနှင့် တုတ်များကိုင်ကာ တောအတွင်း ငှက်ထောင်ကြ၏။

၎င်းတို့နှစ်ဦးသည် အချိန်ကြာသော်လည်း ငှက်များ တစ်ကောင်မျှ မရသဖြင့် ...



"ငှက်လည်း မလာပါလားကွ၊ ဒီည ကံမကောင်းဘူး၊ မနက်ထန်းရည်ဆိုင်ကို ငှက်မပို့နိုင်ရင် ဒုက္ခပဲကွာ"

ဟု တစ်ယောက်က ညည်းညူလိုက်၏။

ထိုအခါ ကျန်တစ်ယောက်က ...

"အချိန်လည်း ကြည့်ဦးကွ၊ သန်းခေါင်ကျော်လောက်ပြီ၊ ရာသီဥတုမကောင်းလို့ ငှက်တွေ မလာတာဖြစ်မှာပါ၊ တို့ ဒီ့ထက်ပိုပြီး အချိန်ကြာရင် မကောင်းဘူး ... အိမ်ပြန်ကြရအောင်"

ဟု ပြောလိုက်၏။

ထို့နောက်တွင်မူ ၎င်းတို့နှစ်ဦးသည် စိတ်ပျက်လက်ပျက် အမူအရာဖြင့် ပစ္စည်းများသိမ်းဆည်းကာ ရွာသို့ ပြန်ခဲ့ကြလေ၏။

တောတစ်နေရာသို့ ရောက်လျှင် ၎င်းတို့၏နှာခေါင်းတွင်းသို့ လွန်စွာဆိုးရွားသော အပုပ်နံ့ကြီး ဝင်ရောက်လာ၏။

ငှက်သမားနှစ်ယောက်မှာ နှာခေါင်းကို အလျှင်အမြန်ပိတ်လျက် ...

"အာ ... ဆိုးလိုက်တဲ့ အပုပ်နံ့ကြီးကွာ၊ တို့ ... ရှူမိုက်ောင်းလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ယောက်မှ ရေရွတ်လိုက်သလို ကျန်တစ်ယောက်မှာ မလှမ်းမကမ်းသို့ လက်ညှိုးထိုးလျက် . . .

"ဟာ . . . ဟို ကျောက်ဖျာကြီးပေါ်မှာ လင်းတကောင်တွေ အုံခဲနေပါလားကွ၊ အပုပ်နံ့ကြီးက အဲဒီက လာတာပဲ ဖြစ်ရမယ်"

"ငှက်မရမယ့်အတူတူ လင်းတဖမ်းပြီးပြန်ရင် မကောင်းဘူးလား ဟေ့ကောင်ရ"

ဟု ပြောလိုက်၏။

ထိုလူ၏စကားကြောင့် ကျန်တစ်ယောက်မှာ မျက်နှာရှုံ့လျက် . . .

"မင်းဟာ ကျက်သတုံးကောင်ပဲ သာဒင်ရ၊ ငှက်ထဲမှာ လင်းတလောက် ယုတ်ညံ့တဲ့ကောင်မရှိဘူး၊ ရွာမှာ ပြဿနာတွေ ဆက်တိုက်ပဲကွ၊ လင်းတဖမ်းသွားရင် ပိုပြီး ကံနိမ့်လိမ့်မယ်၊ မင်းဆီမှာ လော... လေးပါလား သာဒင်"

ဟု မေးလိုက်ရာ သာဒင်က . . .

"ပါတယ်ကွ . . . မင်း ဘာလုပ်မလို့လဲ"

ဟု ပြန်မေးလိုက်၏။



"လောက်လေးနဲ့ ဒင်းတို့ကို ခြောက်လွှတ်ရမယ်၊ ကျောက်ဖျာနားမှာ တစ်ခုခု ပုပ်နေတာကွ၊ တောကောင်ကြီးတစ်ကောင်များ သေပြီးပုပ်နေသလားမှ မသိတာ၊ တို့အတွက် ဟင်းစားများ ရလိုရငြား ပေါ့ကွာ"

ကျန်တစ်ယောက်၏စကားကြောင့် သာဒင်မှာ မျက်လုံးများ အရောင်တောက်သွားပြီး . . .

"အေး . . . မင်းပြောတာ မဆိုးဘူး၊ တောကောင်ဆို ဟင်းစားရပြီကွ၊ လင်းတတွေကို ခြောက်လွှတ်ရမယ်"

ဟု ထောက်ခံ၍ စကားဆို၏။

ထို့နောက်တွင်မူ ၎င်းတို့နှစ်ဦးမှာ လင်းတကောင်များအား လောက်လေးဖြင့် ပစ်ခတ်လေ၏။

လောက်လေးဖြင့် တရစပ်ပစ်ခတ်မှုကြောင့် လင်းတများမှာ ပြန်ပြေးကုန်ကြလေ၏။

ထိုအခါမှ ငှက်သမားနှစ်ဦးသည် စိတ်လှုပ်ရှားစွာဖြင့် ကျောက်ဖျာကြီးအနီးသို့ ချဉ်းကပ်ကြ၏။

အနီးသို့ရောက်လျှင် ကျောက်ဖျာကြီးထက်၌ အသားစ

www.burmeseclassic.com



တချို့အား တွေ့ရ၏။

၎င်းတို့သည် မီးတုတ်အလင်းရောင်ဖြင့် ကျောက်ဖျာနံဘေးရှိ ချုံပုတ်ကြီးသို့ ကြည့်ရှုကြပြန်၏။

ထိုအခိုက်မှာပင် အပုပ်နံ့မှာ ပြင်းထန်လာပြီး အသားစကြီး တစ်စအား တွေ့ရလေ၏။

သာဒင်သည် ထိုအရာအား သစ်ကိုင်းခြောက်တစ်ခုဖြင့် ထိုး ကော်၍ ကြည့်လိုက်ရာ ...

"အမယ်လေးဗျ ...လက် လက်ပြတ်ကြီး ...အား"

ဟု ငယ်သံပါအောင် အော်ဟစ်လိုက်၏။

ငှက်သမားနှစ်ယောက်မှာ မီးတုတ်အား ပစ်ချလျက် ရွာသို့ အသည်းအသန် ပြေးလာ၏။

"ကယ်ကြပါဦး ...တ တစ္ဆေခြောက်တယ်ဗျ ...အား"

၎င်းတို့၏ သွေးရူးသွေးတန်းအော်သံကြောင့် တစ်ရွာလုံး ထိတ် လန့်လျက် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြ၏။

သူကြီးဘခင်မှာ ငှက်သမားများရှိရာ ပြေးသွားပြီး မေး ကာဆီးလျက် ...



"ပါးစပ်ပိတ်စမ်း ...ပိတ်"

ဟု ငှက်ကြီးတောင် ဝင့်ကာ အသံကုန် ကြိုးအော်လိုက်၏။

ငှက်ပစ်သမားနှစ်ယောက်သည် သူကြီးအားကြည့်လျက် ယောင်ယမ်း၍ ပါးစပ်ကို လက်ဖြင့်အုပ်လိုက်ကြ၏။

သူကြီးဘခင်မှာ ဒေါသရိပ် လွှမ်းသောအသံဖြင့် ...

"လူပျိုနတ်ပသရာမှာ အမှားရှိခဲ့ချိန်ကစပြီး ခြောက်လှန့်မှု တွေ, စိတ်ရှုပ်ထွေးစရာတွေချည်းပဲ ကြုံနေရတယ်၊ ပြောကြစမ်း ... မင်းတို့ကရော ဘာတစ္ဆေခြောက်ပြန်ပြီလဲ"

ဟု လွှတ်အော်လိုက်ရာ ငှက်သမားသာဒင်က မဝံ့မရဲဖြင့်..

"ကျုပ် ကျုပ်တို့ ငှက်ပစ်အပြန် ကျောက်ဖျာကြီးမှာ လက် လက်ပြတ်ကြီး တွေ့ခဲ့တယ်ဗျ ...တ တကယ် ပြောတာ"

ဟု ပြောလိုက်လေ၏။

သာဒင်၏စကားကြောင့် လူအားလုံး၏မျက်နှာ၌ သွေးမရှိ အောင် ဖြူဆုတ်သွားကြ၏။

"ဘာ ...လက်ပြတ်ကြီး ...ဟုတ်လား၊ အဓိပ္ပာယ်မရှိ တာကွာ၊ ခုချက်ချင်း တောဝင်မယ် ...လိုက်ခဲ့ကြစမ်းဟေ့"

www.burmeseclassic.com

www.burmeseclassic.com



သူကြီးဘခင်၏ တစ်ချက်လွှတ်အမိန့်ကြောင့် ရွာသားများမှာ မီးတုတ်များ ပြေးယူခဲ့ကြ၏။

သူကြီးဘခင်မှာ ခြေလှမ်းကျဲကြီးဖြင့် တောဘက်သို့ ထွက်သွားလေတော့၏။

✺ ✺ ✺

တောတွင်းရှိ ကျောက်ဖျာကြီးရှိရာနေရာသို့ ရောက်လျှင် ရွာသားများသည် မီးတုတ်များအား အမြန်ထိုးစိုက်လိုက်ကြ[illegible]

လွန်စွာဆိုးဝါးလှသော အပုပ်နံ့ကြီးသည် အားလုံး[illegible] သို့ တိုးဝင်လာ၏။

သူကြီးဘခင်နှင့် ရွာသားသုံးယောက်မှာ ကျောက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



အုပ်မိုးနေသည့် မြက်ရိုင်းပင်များကို ဖယ်ရှားကြည့်ရာ 'ဟာ' ခနဲ ဖြစ်သွားကြ၏။

မြက်ရိုင်းပင်များကြား၌မူ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် အလောင်းတစ်လောင်း။

"တခြွေမဟုတ်ဘူးဟေ့ . . . လူသေအလောင်းကြီး အလောင်းကြီး"

သူကြီးဘခင်၏ ရေရွတ်သံကြောင့် ကျန်လူများမှာ ခေါင်းမွေး ထောင်မတတ် ထိတ်လန့်သွားကြ၏။

သွေးကြောင်သော ရွာသားတချို့မှာ အလောင်းသံကြားသည်နှင့် သွေးရူးသွေးတန်း အော်ဟစ်လျက် ကမူးရှူးထိုး ပြေးကြကုန်၏။

သူကြီးဘခင်မှာ အလောင်းကြီးအား စိတ်မသက်သာဟန်ဖြင့် ကြည့်၍ . . .

"ပြဿနာက တကယ်ကြီးပြီဟေ့၊ သေချာကြည့်ကြစမ်း . . . ဘယ်သူ့အလောင်းလဲဆိုတာ"

ဟု ပြောလိုက်ရာ ရွာသားနှစ်ယောက်မှာ တွန့်ဆုတ်ဆုတ် အမူအရာဖြင့် အလောင်းအား ကုန်းကြည့်လျက် . . .



"ဘယ်သူဘယ်ဝါဆိုတာ ခန့်မှန်းမရဘူး သူကြီးရေ့ အလောင်းက ရုပ်ပျက်ဆင်းပျက်ကြီး အဲ . . . သေချာတာတော့ ယောက်ျားအလောင်း မဟုတ်ဘူးဗျို့"

ဟု တစ်ယောက်မှ ပြောလိုက်၏။

သူကြီးဘခင်မှာ နောက်ကျိသော စိတ်နှလုံးနှင့်အတူ ခေါင်းငိုက်စိုက်လျက် . . .

"အမင်္ဂလာကြီးကို ရွာထဲသွင်းလို့ မဖြစ်ဘူး၊ ကဲ ကဲ . . . တရွတ်ဆွဲပြီးသာ သယ်ခဲ့ကြ၊ ရွာပြင်မှာထားပြီး စုံစမ်းရမယ်"

ဟု ပြောလိုက်ရာ ရွာသားများမှာ မျက်နှာမသာမယာဖြင့် အပုပ်နံ့ ထောင်းထောင်းထနေသော အပုပ်ကောင်ကြီးအား တရွတ်ဆွဲ သယ်ရန် ကြိုးစားကြလေ၏။

သူကြီးဘခင်တို့အဖွဲ့ ရွာရောက်လျှင် အလောင်းသယ်လာသည့်သတင်းမှာ တစ်ရွာလုံးသို့ ပျံ့နှံ့သွားလေ၏။

ရွာသူရွာသားများသည် ရွာပြင်သို့ပြေးကာ အလောင်းအား ဝိုင်းဝန်းကြည့်ရှုကြကုန်၏။

သူကြီးဘခင်သည် လူများ၏ရှေ့ဆုံးမှရပ်လျက် ကြည့်နေသော

www.burmeseclassic.com



ကနားစီး ဒေဝီတင်ကို မြင်လျှင် . . .

"ဟော့ တင် . . . မင်းပြောတော့ ကနားပေးပြီးရင် ဘာပြဿနာမှ မရှိတော့ဘူးဆိုကွ၊ ကနားပေးပြီးမှ ရွာမှာ အကုသိုလ်ဆက်တိုက်ပဲ၊ အခု မသာကြီးပေါ်ပြန်ပြီ၊ မင်း ဘာလုပ်ပေးမလဲပြောစမ်း . . . မင်းမှာ တာဝန်ရှိတယ်ကွ"

ဟု ဒေါ်သတကြီး အော်ဟစ်လိုက်၏။

ကနားစီးဒေဝီတင်မှာ မျက်နှာ ရှုံ့မဲ့သွားပြီး . . .

"ကျုပ်လည်း အတတ်နိုင်ဆုံး လုပ်ပေးခဲ့တာပဲတော်၊ တော်တို့ရွာကိုက နတ်မကယ်နိုင်လောက်အောင် အကုသိုလ်ဖိစီးနေတာ၊ မသာပေါ်တာ ကျုပ်နဲ့မဆိုင်ဘူး . . . ဘာမှ လုပ်မပေးနိုင်ဘူး"

ဟု ကက်ကက်လန် ပြန်ပြောကာ ခြေဆောင့်နင်းထွက်သွား၏။

ဒေဝီတင်၏စကားကြောင့် သူကြီးဘခင်မှာ ဆွေ့ဆွေ့ခုန်မတတ် ဒေါသထွက်ကာ ကျန်ရစ်ခဲ့လေ၏။

"ကဲပါ မောင်ဘခင်ရယ် . . . ဒေါသကြီးမနေပါနဲ့တော့၊ ဒီအလောင်းဟာ ကျုပ်တို့ရွာကမဟုတ်ရင် အနီးအနားရွာတွေကို သဆောင်းပို့သင့်တယ်၊ သူတို့ရွာတွေမှာ လူပျောက်ရှိ၊မရှိ စုံစမ်းရမယ်



ဒါဟာ မင်းရဲ့တာဝန်ပဲကွ၊ တင့်ကို ဒေါသပွားနေမယ့်အစား လုပ်သင့်တာကို အမြန်ဆုံး လုပ်ရမယ်ကွ"

ရွာ၌ အသက်အကြီးဆုံး ဘိုးလေးမြင့်၏စကားကြောင့် သူကြီးဘခင်မှာ မျက်မှောင်ကြီး ပြေလျော့သွားပြီး . . .

"အလောင်းကိစ္စကို ရွာခေါင်းလူငယ်အဖွဲ့ကိုပဲ တာဝန်ပေးရမှာပဲ၊ ရွာခေါင်းအဖွဲ့က အနီးအနားရွာတွေကို သွားပြီး လူပျောက်ရှိ၊မရှိ စုံစမ်းကြပါ၊ ပြီးရင် ကျုပ်ဆီ အမြန်ဆုံး အကြောင်းပြန်ကြ . . . ဒါပဲ"

ဟု ပြောဆိုကာ စိတ်မသက်သာဟန်ဖြင့် ထွက်သွားလေ၏။

❋ ❋ ❋

www.burmeseclassic.com

ရွာသားများသည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် အလောင်းကောင်အား ရွာစွန်ပျဉ်းမပင်ကြီးအောက်၌ပင် ပိတ်ဖြူစ ဖုံးလွှမ်း၍ ပစ်ထားခဲ့ကြ၏။

ရွာသားအားလုံး အသီးသီး အိမ်ပြန်ခဲ့ကြသော်လည်း အိပ်မပျော်နိုင်အောင် ရှိနေကြ၏။

www.burmeseclassic.com


ထိုနေ့ အရုဏ်တက်ခါနီးအချိန်လောက်တွင် တစ်ရွာလုံးရှိ ခွေးလေခွေးလွင့်များ၏ အူသံဆိုးကြီးအား ကြားလိုက်ရ၏။

ရွာသားများမှာ အိမ်ထရံပေါက်များမှ အသီးသီး ချောင်းမြောင်းကြည့်ရှုလျက် . . .

"ဟင် . . . ခွေးတွေက ရွာစွန်ဘက်ကို လှည့်ပြီးအူနေကြတယ်၊ ပျဉ်းမပင်ကြီးအောက်မှာ အလောင်းကြီးရှိနေတယ်၊ ဒါ ဒါဟာ မကောင်းဆိုးရွား ထလာလို့ပဲ ဖြစ်ရမယ် . . . ဘုရား ဘုရား"

ဟု ရေရွတ်ကြကာ အကြီးအကျယ် ချောက်ချားကုန်ကြ၏။

ခွေးအူသံများကြောင့် ရွာရှိ ကလေးငယ်များပါ ကြောက်လန့်လျက် ချော့မရအောင်ပင် ငိုယိုကြကုန်၏။

ရွေဂူတစ်ရွာလုံး ခွေးအူသံနှင့် ကလေးငိုသံများ သောသောညံလျက် ရှိနေ၏။

သူကြီးဘခင်မှာ အသံများကြောင့် မျက်နှာအကြီးအကျယ်ပျက်လျက် . . .

"တောင့်ပြောသလို ငါ့ရွာဟာ နတ်မနိုင်လောက်အောင်ကို ကြမ္မာဆိုး ဖိစီးနေပြီလား၊ ဟင်း . . . ဒါဟာ လူပျိုတော်ပသည့်ပွဲမှာ

www.burmeseclassic.com

www.burmeseclassic.com

အမှားကြံခဲ့လို့ပဲ၊ လူ့ပျိုနတ်ဟာ တစ်ရွာလုံးကို တောင်းပန်လို့မရအောင်ကို စိတ်ဆိုးနေလို့ နှောင့်ရတာပဲ ဖြစ်ရမယ်၊ ငါ့ရွာအတွက် ဘာလုပ်ရမလဲ၊ ငါ ... ငါ ဘာလုပ်ရမလဲ''

ဟု တွေးတောကာ အကြီးအကျယ် ခေါင်းခြောက်လျက် ရှိနေ၏။

နောက်တစ်နေ့သို့ရောက်လျှင် တစ်ဖက်ရွာသို့ သွားရောက်ကြသော ရွာခေါင်းအဖွဲ့ ပြန်ရောက်လာ၏။

''ဟူး ... အနီးအနားရွာတွေအားလုံး ရောက်ပြီးပြီ၊ ဘယ်ရွာမှာမှ လူပျောက်မရှိဘူး သူကြီး''

ရွာခေါင်းအဖွဲ့၏စကားကြောင့် သူကြီးဘခင်မှာ အကြီးအကျယ် မျက်နှာပျက်လျက် ...

''တောက် ... လက်သည်မပေါ်, ပိုင်ရှင်မရှိတဲ့ အလောင်းက ဘာလို့ ငါတို့ပျဉ်းမတောထဲမှာ လာပေါ်ရတာလဲ၊ သိပ်စိတ်ပျက်ဖို့ကောင်းတယ်၊ သူကြီးရာထူးက နုတ်ထွက်ချင်နေပြီဟေ့''

ဟု စိတ်ရှုပ်ထွေးစွာ ရေရွတ်လိုက်၏။

ရွာခေါင်းအဖွဲ့ ပြန်ရောက်လာခြင်းကြောင့် ရွာသားများမှာ



သိလိုစိတ်ဖြင့် သူကြီးအိမ်သို့ တဖွဲဖွဲ ရောက်ရှိလာကြ၏။

ထိုအခိုက်မှာပင် နွားကျောင်းသားလေးတစ်ဦးသည် သူကြီးခြံထဲသို့ အသည်းအသန် ပြေးလာကာ ...

''သူ သူကြီး ... ဟော ဟောဒီမှာ ဒါကြီးကို ကြည့်ပါဦးဗျ''

နွားကျောင်းသားလေးရဲ့အသံကြောင့် အားလုံးရဲ့အကြည့်က သူ့အပေါ် စုပြုံကျသွား၏။

''ဟင် ... ဒါ ထဘီကြီးပဲ၊ ဘာလုပ်ရမလဲ ဟကောင်ရဲ ... စိတ်ညစ်ရတဲ့ ကြားထဲ''

သူကြီးဘခင်၏အသံကြောင့် နွားကျောင်းသားလေးမှာ အမောဆို့သံဖြင့် ...

''ဟုတ် ... ဟုတ်ပါတယ် သူကြီး၊ ဒါကြီးကို ကျုပ် ဘယ်ကရခဲ့တယ် ထင်သလဲ၊ ပျဉ်းမတောထဲက ကျောက်ဖျာကြီးနားကနေ ရခဲ့တာဗျ၊ သေချာကြည့်ပါဦး ... ထဘီမှာ သွေးတွေ စွန်းနေတာ''

၎င်း၏စကားကြောင့် သူကြီးနှင့်ရွာသားများမှာ ထဘီအား စူးစိုက်ကြည့်ကြကုန်၏။

''ဟင် ... ဟုတ်တယ်ဟ၊ ထဘီမှာ သွေးခြောက်တွေပါလား

www.burmeseclassic.com

www.burmeseclassic.com



ဒါ ဒါဆို မနေ့ညကတွေ့တဲ့ မိန်းမအလောင်းနဲ့ ဆက်စပ်နေပြီ၊ ဒါဟာ အလောင်းကောင်ကြီးရဲ့ ထဘီပဲ ဖြစ်ရမယ်''

သူကြီးဘခင်၏ ရေရွတ်သံကြီးကြောင့် လူအုပ်ကြီးမှာ ခေါင်းမွေးထောင်မတတ် ကျောချမ်းလျက် နောက်သို့ဆုတ်သွားကြ၏။

ထိုစဉ် ရွာသားအုပ်ထဲမှ အဘွားအုံသည် ပြေးထွက်လာကာ

''ဟင် ...ဒါ ဒါ ကျုပ်သမီး ပန်းမြိုင်ရဲ့ထဘီပဲ၊ ဒါ ဒါဆို ပျဉ်းမပင်အောက်က အလောင်းကောင်ကြီးက ကျုပ်သမီးလေးပေါ့၊ အမယ်လေး ကိုယ်ကျိုးတော့ နည်းကုန်ပါပြီ၊ ပန်းမြိုင် ...ဖြစ်ရလေ ပန်းမြိုင်ရယ် ...အီး ဟီး ဟီး''

ဟု ရေရွတ်လျက် ထဘီကြီးကိုင်ကာ ဘိုင်းခနဲ ပစ်လဲကျသွား၏။

''ဟာ ...အဘွားအုံ လဲသွားပြီ၊ လုပ်ကြပါဟ ...ဆေးဆရာ ဆေးဆရာ ဘယ်ရောက်နေလဲ''

ရွာသားများမှာ အဘွားအုံအတွက် စိုးရိမ်စိတ်ဖြင့် သူမအနီး အုံခဲသွား၏။

သူကြီးဘခင်မှာ ခုံတန်းလျားပေါ် အရုပ်ကြိုးပြတ်သည့်နှယ်



ထိုင်ချလျက် အကြီးအကျယ် စိတ်ဓာတ်ကျသွားရ၏။

ထိုအခိုက်မှာပင် ကနားစီးဒေစီတင် နေထိုင်ရာ အိမ်လေး အတွင်းမှ ...

''ဘယ်လိုလုပ်လိုက်တာလဲ မောင်မောင်၊ မောင်မောင် ဒေစီ့ကို ဘယ်တော့မှ တန်ဖိုးမထားဘူး၊ ဒေစီ ဝမ်းနည်းတယ်၊ အရမ်းဝမ်းနည်းတာပဲ ...အဟင့် ဟင့် ဟင့်''

ဆိုသော ငိုသံကြီး ထွက်ပေါ်လာ၏။

အသံကြောင့် အဘွားအုံနံဘေး ဝိုင်းအုံနေသော လူအုပ်ကြီးမှာ ခေါင်းထောင်လျက် အသံလာရာသို့ ကြည့်ကြကုန်၏။

သူကြီးဘခင်မှာ ဆတ်ခနဲ ထရပ်လျက် ပုဆိုးပြင်ဝတ်ရင်း

''တောက် ...တစ်ရွာလုံး စိတ်ဒုက္ခရောက်နေချိန်မှာ ဒီကောင် တော်င် ဘာဖြစ်ပြန်ပြီလဲ၊ တော်င် ...ဟေ့ တော်င် ...ထွက်ခဲ့စမ်း''

ဟု ဒေါသတကြီး အော်ဟစ်လိုက်၏။

သူကြီးရဲ့အသံကြောင့် ဒေစီတင်မှာ မျက်ရည်လည်ရွဲ ကပိုကယိုဟန်ဖြင့် ပြေးထွက်လာရင်း ...

www.burmeseclassic.com

www.burmeseclassic.com



''အီး ဟီး ဟီး ...ကျုပ်က သံယောဇဉ်ကြီးသလောက် ခင်ဗျားက တန်ဖိုးမထားဘူး၊ ကျုပ် စိတ်နာတယ်၊ ခင်းကို စိတ်နာတယ် တော့ ...အဟင့် ဟင့်''

ဟု ငိုယိုတော့၏။

''ဘာတွေဖြစ်နေတာလဲ၊ ပြောစမ်း တောင် ...ငါ့ကိုပြော စမ်း၊ ဘာဖြစ်ကြသလဲ''

သူကြီး၏အမေးကြောင့် တောင်မှာ ငိုချင်လျက်လက်တို့ ဆိုသလို ဖြစ်သွားရပြီး ရှိုက်သံကြီးဖြင့် ...

''ဘာဖြစ်ရမှာလဲ သူကြီးရဲ့ ...မောင်မောင်ပေါ့၊ ကျုပ် ဝယ်ပေးထားတဲ့ အိုမီဂါတံဆိပ်နာရီကြီးကို ဖျောက်ပစ်တယ်၊ ကျုပ်မှာ တော့ ခင်းလိုချင်တယ်ဆိုလို့ ကနားပွဲကရသမျှငွေကို မစားရက် မသောက်ရက် စုဆောင်းပြီး ဝယ်ပေးခဲ့ရတာ ...ဟီး အီး အီး၊ ခင်း သိပ်ရက်စက်တယ် ...ကျုပ် ကျုပ် အရမ်းဝမ်းနည်း တာပဲ''

ဟု ရင်ဘတ်ထု ငိုကြွေးတော့၏။

မောင်မောင်နိုင်မှာ စိတ်မသက်သာဟန်ဖြင့် သူကြီးတို့အနီးသို့ ရောက်လာပြီး ...

''ကဲပါ ဒေစီရယ် ...လူကြားမကောင်းအောင် ငိုမနေပါ နဲ့တော့၊ အိုမီဂါနာရီကို ဖျောက်မိတဲ့အတွက် မောင်မောင့်မှာ အပြစ်ရှိ ပါတယ်၊ ဒေစီ စိတ်မဆိုးနဲ့တော့နော် ...မြို့ပြန်ရောက်ရင် မောင် မောင် အလုပ်ကြိုးစားလုပ်ပြီး ဒေစီ့အတွက် ရိုးတိုက်က ရေမွှေးပုလင်း ပြန်ဝယ်ပေးပါ့မယ်၊ တိတ်တော့နော် ...ဟုတ်လား''

ဟု ဒေစီတင်အား ဖက်လျက် ပြောလိုက်၏။

ဒေစီတင်မှာ မောင်မောင်နိုင်၏စကားကြောင့် တဖြည်းဖြည်း အငိုရပ်သွားကာ ...

''ဒါဆိုလည်း ပြီးရော၊ စကားမတည်လို့ကတော့ ဒေစီတို့က ခြိုခုန်ပစ်မှာ၊ လက်ဖျားငွေသီးတဲ့ ဒေစီတင်ဆို ဝိုင်းဝိုင်းလည်နေတာ မောင်မောင်သိတယ် မဟုတ်လား ...ဟွန်း''

ဟု နှုတ်ခမ်းစူ အမူပိုလျက် မောင်မောင်နိုင်အား ဖက်ကာ အိမ်လေးအတွင်းသို့ ပြန်လျှောက်သွား၏။

ရွာသားများမှာ ဒေစီတင်တို့အားကြည့်လျက် ပြုံးစိစိ ဖြစ် သွားကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ဘွားအံ့ကို သတိလည်အောင် လုပ်ကြဦးလေ၊ ငေးကြည့်ပြီး ဘာဖြစ်နေကြသလဲ၊ ဟင်း . . . တစ်ရွာလုံး ကြိုဟ်ဝင်နေချိန်မှာ မလုံးမပြားကောင်က တစ်မှောင့်၊ ဒင်းကို ရွာမှာနေဖို့ ဆွဲထားမိတာ ငါ့အမှား ငါ့အမှား"

သူကြီးဘခင်မှာ အော်ဟစ်ကြုံးဝါးရင်း ခြေလှမ်းကျဲကြီးဖြင့် ခြံပြင်သို့ ထွက်သွားလေတော့၏။

✿ ✿ ✿

ရွာသူရွာသားများသည် ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ ပုပ်ပွနေသည့် ပန်းမြိုင်၏အလောင်းအား သင်္ချိုင်းသို့ပင် မသယ်ချင်ကြ။

ထို့ကြောင့် သူကြီးနှင့်တိုင်ပင်ကာ ပျဉ်းမပင်ကြီး၏ ခြေရင်း၌ပင် မြေမြှုပ်သင်္ဂြိုဟ်လိုက်၏။

ထိုသို့ ပျဉ်းမပင်ကြီး၏ခြေရင်း၌ မြေမြှုပ်ခြင်းသည် အသွေးသီး

www.burmeseclassic.com

www.burmeseclassic.com



သော ရွှေဂူရွာသားများအတွက် ချောက်ချားစရာကြီးတစ်ခု ဖြစ်သွားရ၏။

ညည့်နက်ချိန်တစ်ခု၌ လှမောင်းဆိုသော ရွာသားသည် တစ်ဖက်ရွာရှိ ရွာသားများနှင့် အရက်ဝိုင်းဖွဲ့ရာမှ ရေချိန်လွန်လျက် ရွှေဂူရွာသို့ ပြန်လာလေ၏။

လှမောင်းသည် ရွာထိပ်ရှိ ပျဉ်းမပင်ကြီးသို့ ရောက်လျှင် ...

"အီး ဟီး ဟီး ... ဟင့် ဟင့် ဟင့်"

ဆိုသော ငိုရှိုက်သံအား ကြားလိုက်ရ၏။

လှမောင်း၏ ဒယိမ်းဒယိုင်ခြေလှမ်းများ တုံ့သွားရပြီး ...

"ဟင် ... ဒါ မိန်းကလေးတစ်ယောက် ငိုနေတဲ့အသံပဲ၊ အချိန်မတော်ကြီး ဘယ်သူများပါလိမ့်"

အတွေးနှင့်အတူ သူသည် ပတ်ဝန်းကျင်အား မျက်လုံးဝေ့ကာ ရှာဖွေကြည့်၏။

ထိုအခါ ပျဉ်းမပင်နှင့်မလှမ်းမကမ်းရှိ သစ်တုံးကြီးဆီ အကြည့်ရောက်သွားပြီး ...

"အလို ... အဖြူရောင်ဝတ်စုံနဲ့ ဆံပင်ဖားလျားချထားတဲ့



မိန်းကလေးတစ်ယောက်ပါလား၊ ဘယ်သူလဲသိရအောင် ငါ သွားမေးမှပဲ"

ဟု အတွေးပေါက်ကာ သစ်တုံးကြီးအနီးသို့ လျှောက်သွား၏။

"ဟေ့ ကလေးမ ... အချိန်မတော်ကြီး ဘာလို့ ငိုနေရတာလဲ၊ မင်းမိဘတွေ စိတ်ပူနေလိမ့်မယ်၊ လာ လာ ... ငါနဲ့ ရွာထဲဝင်ရအောင်၊ အေ့ ... ဒါနဲ့ မင်းက ဘာကြောင့်ငိုတာလဲ၊ ဘာလဲ ... မိဘတွေ ဆူလို့လား၊ ဒါမှမဟုတ် အေ့ ... ရည်းစားနဲ့ ပြဿနာတက်လို့လား ကွ ...၊

ဘာကြောင့်ပဲဖြစ်ဖြစ်ပေါ့ဟာ ပြဿနာဆိုတာ ဖြေရှင်းလိုက်ရင် ပြီးပြီကွ၊ အခုလို ထိုင်ငိုနေရုံနဲ့ ပြီးမလား ... ပြောစမ်း၊ အေ့ ... ငါ လှမောင်းပါဟ၊ အကြော်သည် ဒေါ်ခွေးမရဲ့ သားလေ ... ညည်းသိမှာပေါ့၊ ဘာမှမကြောက်နဲ့ ... ငါနဲ့ ရွာထဲပြန်လိုက်ခဲ့၊ ညည်းအိမ်ကို ငါ လိုက်ပြောပေးမယ်၊ နင် ဘယ်သူ့သမီးလဲ ... ဒီဘက်လှည့်စမ်း"

လှမောင်းသည် ကပေါက်တိကပေါက်ချာ ပြောဆိုလျက် ကျောပေးထိုင်နေသည့် မိန်းကလေးအား ပခုံးမှကိုင်၍ ဆွဲလှည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မိန်းကလေးမှာ ခန္ဓာကိုယ်မလှည့်ဘဲ ခေါင်းတစ်ခုသာ လှည့်ပြီး လှည့်လာသလို လှမောင်း ခံစားလိုက်ရ၏။

ထို့ကြောင့် ရီဝေနေသည့် ၎င်း၏မျက်လုံးများကို ပွတ်သပ်၍ ကြည့်လိုက်ရာ မိန်းကလေးမှာ မျက်လုံးပြူးကြီးဖြင့် သူ့အား စူးစိုက်ကြည့်နေကြောင်း တွေ့ရ၏။

လရောင်အောက်၌ မိန်းကလေး၏ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော မျက်နှာကြီးအား 'ဘွား' ခနဲ တွေ့လိုက်ရ၏။

"ဟင် ... ပန်းမြိုင် ပန်းမြိုင် ... အား ... သရဲမ ပန်းမြိုင် ... ပန်းမြိုင် သရဲမ"

လှမောင်းတစ်ယောက် ငယ်သံပါအောင်အော်ဟစ်၍ ရွာသို့ သုတ်ခြေတင်တော့၏။

၎င်း၏အသံနက်ကြီးကြောင့် ခြံဝိုင်းများအတွင်းမှ ရွာသားများ အထိတ်တလန့် ပြေးထွက်လာပြီး ...

"ဟာ ... ဟေ့ ဟေ့ကောင်လှမောင်း ... ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ"

ဟု ဝိုင်းဝန်းမေးမြန်းကြကုန်၏။



လှမောင်းမှာ ချွေးဒီးဒီးကျလျက် မျက်လုံးမျက်ဆန်ပြူးကာ ...

"သ သရဲမပန်းမြိုင် ... ပန်းမြိုင် ရွာ ရွာထိပ်မှာ ငို ငိုနေတယ်"

ဟု ပြောလိုက်လျှင် ရွာသားများမှာ ကြက်သီးဖြန်းဖြန်း ထသွားပြီး ...

"ဘာ ... ပန်းမြိုင် ... ပန်းမြိုင်ဟုတ်လား၊ ဒါ ဒါဆို သရဲမ ရွာထဲဝင်လာပြီပေါ့၊ အမယ်လေး ... ကယ်ကြပါဦး၊ သူကြီး သူကြီး ... ကယ်ပါဗျို့"

ဟု တစ်ယောက်တစ်ပေါက် အော်ဟစ်ကာ သူကြီးအိမ်သို့ ပြေးကုန်ကြ၏။

"ဟေ့ကောင်တွေ ... ရွာဆူအောင် မလုပ်နဲ့၊ ဘာဖြစ်လာကြတာလဲ"

သူကြီးဘခင်၏ ဆီးကြိုမေးတဲ့အမေးကြောင့် ရွာသားများက ...

"သရဲမ ... သရဲမ ပန်းမြိုင် ရွာ ရွာထဲဝင်လာပြီ"

www.burmeseclassic.com

www.burmeseclassic.com



ငင်းတို့၏စကားကြောင့် သူကြီးဘခင်မှာ အကြီးအကျယ် ထိတ်လန့်သွားပြီး ...

''ဘာ ... ရှာထဲဝင်လာပြီ ... ဟုတ်လား၊ ဘယ် ဘယ်လို ဖြစ်တာလဲ ... ဒု ဒုက္ခပါပဲကွာ''

ဟု ကတုန်ကယင် ရေရွတ်လိုက်၏။

''ဒုက္ခတမနေပါနဲ့ သူကြီးရယ်၊ ကျုပ်တို့ရဲ့ နတ်ကြီးတွေက တစ္ဆေသရဲ နိုင်ပါတယ်ရှင့်၊ ရွာတော်ရှင်တွေကို ပွဲပေးပြီး တိုင်တန်း လိုက်ရင် သရဲမပန်းမြိုင် ဖင်လန်ပြီးတော့ကို ပြေးရမှာရှင့် ... ဟင်း ဟင်း ဟင်း''

ကနားစီးဒေစီတင်ရဲ့ ရင်ကော့ပြောလိုက်သောစကားကြောင့် သူကြီးက ...

''သေ ... သေချာရဲ့လား တင်ရယ်၊ ပန်းမြိုင်ပျောက်တုန်း က နင်ဟောခဲ့တာလည်း တလွဲချည်းပဲ၊ ငါ ငါ့ကို နင်ကျီစယ်နေတာ လား'''

ဟု မေးလိုက်၏။

ကနားစီးဒေစီတင်ရဲ့မျက်နှာ တင်းမာသွားပြီး ...



''သူကြီး ... ဘာစကားပြောတာလဲ၊ ကျုပ်ဟောခဲ့တာ ဘာများမှားလို့လဲ၊ ပန်းမြိုင်ကို သုံးရက်အတွင်း ပြန်တွေ့မယ်လို့ ကျုပ် ဟောခဲ့တာတော့ မှားခဲ့လို့လား၊ ဒင်းရဲ့အလောင်းကို တော်ကြီးတို့ ပြန်ရခဲ့တာပဲ မဟုတ်လားရှင့်၊ ကျုပ်ရဲ့ဟောချက်က သွေးထွက် အောင်ကို မှန်ခဲ့တာ၊ တော်ကြီး မစော်ကားပါနဲ့''

ဟု ဆတ်ဆတ်ထိမခံ ပြန်ပြော၏။

ဒေစီတင်၏ အချက်ကျကျ ပြောလိုက်သောစကားကြောင့် သူကြီးဘခင်မှာ ဘာမှ မပြောသာတော့ချေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ဘွားအုံတစ်ယောက် ညဉ့်နက်လာသဖြင့် ဆီမီးခွက်အား

မီးမှုတ်ကာ အိပ်ရာသို့ ဝင်ခဲ့၏။

သူမ အိပ်ပျော်လုဆဲဆဲတွင် နားထဲ၌ ...

''အမေ အမေ ... ထပါဦး အမေရယ်''

ဟု နားနားကပ်ပြောလိုက်သော အသံအား ကြားရလေ၏



ထို့ကြောင့် မျက်လုံးဖွင့်ကြည့်ရာ ...

''ဟင် လုံမလေး ပန်းမြိုင် ... ပန်းမြိုင် အမေ့ဆီလာတယ်''

ဟု တုန်ယင်သောအသံဖြင့် ရေရွတ်လိုက်၏။

ပန်းမြိုင်သည် သူမ၏လက်ကိုဆွဲကာ အိပ်ရာမှ ထစေ၏။

ဒေါ်ဘွားအုံသည်လည်း သမီးဖြစ်သူအား ငေးစိုက်ကြည့်ရင်း အိပ်ရာမှ ထလိုက်၏။

ပန်းမြိုင်သည် ဒေါ်ဘွားအုံအား ခြံဝန်းပြင်သို့ ခေါ်ဆောင်သွား၏။

ရွာလမ်းအတိုင်း လျှောက်သွားပြီး ရွာစွန် ပျဉ်းမတောသို့ ဦးတည်နေ၏။

ပျဉ်းမတောအဝင်သို့ရောက်လျှင် ပတ်ဝန်းကျင်တစ်ခုလုံး နေ့ခင်းလား လင်းထိန်သွား၏။

ဒေါ်ဘွားအုံမှာ အံ့ဩမှင်တက်နေစဉ်မှာပင် နွားခလောက်သံအား ကြားလိုက်ရ၏။

သူမ ကြည့်လိုက်ရာ ...

''ဟင် ... ဒါ ဖြူပြာတို့ ညိုတို့ပဲ၊ ငါ့အိမ်က နွားတွေ

www.burmeseclassic.com



ပါလား''

ဟု တွေးမဆုံးမီပင် နွားအုပ်နောက်မှ ကြိမ်တစ်ချောင်းကိုင်၍ နွားမောင်းလာသော သမီးဖြစ်သူကိုပါ တွေ့လိုက်ရ၏။

ဒေါ်ဘွားအုံသည် နွားအုပ်နှင့်ပါလာသည့် ပန်းမြိုင်ကို တစ် လှည့်၊ နံဘေး၌ရပ်နေသော ပန်းမြိုင်ကိုတစ်လှည့် ကြည့်ကာ အံ့ဩ မှင်တက်သွားရ၏။

သူမ မှင်တက်နေစဉ်မှာပဲ ကျောက်ဖျာကြီးအနောက်မှ ရ တစ်ယောက် 'ဘွား' ခနဲပေါ်လာကာ နွားကျောင်းနေသော ပန်းမြိုင် အား အတင်းဆွဲခေါ်တော့၏။

နံဘေးရှိ ပန်းမြိုင်မှာ ဒေါ်ဘွားအုံအား ကျောက်ဖျာကြီးအ သို့ ခေါ်ဆောင်သွားပြန်၏။

ထိုအခါ ယောကျ်ားတစ်ဦးသည် ပန်းမြိုင်၏အဝတ်အစားမျာ အား ဆွဲရှဲကာ မြေသို့ တွန်းချလိုက်၏။

လူယုတ်မာသည် ပန်းမြိုင်အား လက်မြင့် ပါးစပ်ကိုပိတ် အတင်းအဓမ္မ ကြံစည်တော့၏။

ပန်းမြိုင်မှာ မျက်ရည်ပေါက်ကြီးငယ်ကျ၍ ရုန်းကန်နေရှာ

ဒေါ်ဘွားအုံမှာ သမီးဖြစ်သူ၏ လွန်စွာဆိုးရွားလှသည့် အဖြစ် ဆိုးအား မရှုဆိတ်တော့ဘဲ 'အား' ခနဲ အော်ဟစ်ကာ အရူးပမာ ငိုကြွေးလျက် ထွက်ပြေးသွားတော့၏။

''အား''

''သမီးလေး ငါ့သမီးလေး သမီး''

ဒေါ်ဘွားအုံတစ်ယောက် ဗလုံးဗထွေးအော်သံနှင့်အတူ အိပ်ရာ မှ ဆတ်ခနဲ ထထိုင်လိုက်၏။

သူမတစ်ကိုယ်လုံး ချွေးများ ရွှဲနစ်ကာ မောဟိုက်နေ၏။

''ဟင် . . . ငါ ငါ အိပ်မက်မက်နေပါလား၊ ပန်းမြိုင် . . . ငါ့ သမီးလေး ပန်းမြိုင် . . . အဖြစ်ဆိုးလိုက်တာ ပန်းမြိုင်လေးရယ်၊ ငါ ငါ့သမီးကို စော်ကားတဲ့အကောင် . . . ဒင်း ဒင်းမျက်နှာကို ဘယ်မှာ မြင်ဖူးပါလိမ့်''

''ဟင် . . . ဒင်း ဒင်းဟာ တောက် . . . တွေ့ကြသေးတာပေါ့ လူယုတ်မာကောင်ရာ''

ဒေါ်ဘွားအုံတစ်ယောက် ကြုံးဝါးသံနှင့်အတူ အိပ်ရာမှ ထ လိုက်၏။

www.burmeseclassic.com



ထို့နောက် အနီးရှိ ထင်းခုတ်ဓားမအား ကောက်ဆွဲကာ ဟင်းလင်းပွင့်နေသည့် အိမ်တံခါးမှ ထွက်လိုက်၏။

သူမသည် ထင်းခုတ်ဓားမအား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်၍ သူမ၏ ခြေလှမ်းများသည်ကား . . .

❁ ❁ ❁

'ဘုန်း ဘုန်း ဘုန်း'

"ဟော့ . . . မိန်းမလျာကောင်တွေ ထွက်ခဲ့စမ်း၊ လူယုတ်မာကောင်၊ ခွေးထက်ညံ့တဲ့ကောင်၊ ထွက်ခဲ့လို့ ပြောနေတယ်၊ ဘွားအုံတဲ့ တစ်အုံတည်းရှိတယ်ဟော့၊ အသက်ကြီးပေမယ့် ငါ့သွေးက ရဲတယ်ဟော့၊ ထွက်ခဲ့စမ်းပါ မိန်းမလျာကောင်ရဲ့"

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထရံအား ထုနက်၍ အော်ဟစ်ဆဲဆိုသံကြောင့် ကနားစီး ဒေစီတင်တစ်ယောက် ခေါင်းနားပန်းကြီးသွားလေ၏။

ထို့ကြောင့် သူ့အား ဖက်တွယ်လျက် ကုလားသေကုလားမော အိပ်ပျော်နေသည့် မောင်မောင်နိုင်ကို လှုပ်နှိုးကာ ...

''မောင်မောင် ... မောင်မောင် ... ထစမ်းပါ မောင်မောင်ရဲ့၊ ထရံကို ထုရိုက်ပြီး ဆဲဆိုနေတယ်၊ ဘယ်သူလဲမသိဘူး၊ မောင်မောင် အို ... နှိုးလို့လည်း မရပါလား၊ မဖြစ်ဘူး ... ငါ ထွက်ကြည့်မှဖြစ်မယ်''

ထိုအချိန် သူကြီးဘခင်သည်လည်း အော်ဟစ်သံကြောင့် လန့်နိုးကာ အိမ်အောက်သို့ ကမူးရှူးထိုး ပြေးဆင်းလာ၏။

ဒေါ်ဘွားအုံကို မြင်လျှင် အံ့အားသင့်လျက် ...

''အချိန်မတော်ကြီး ဘွားအုံရာ ... ဘာဖြစ်တာတုံး၊ ဘာလဲ ... ငတင်က ဘွားအုံဆီက ငွေးချေးထားလို့လား၊ ဒါဆိုလည်း မိုးလင်းတောင်းပေါ့ဗျာ၊ ကျုပ် အိပ်ရေးပျက်တယ်ဗျ''

ဟု ထင်မြင်ရာ ဖွတ်ပြောလိုက်၏။

''ငွေချေးလို့ မဟုတ်ဘူးတော့်၊ မိန်းမလျာတွေက မိန်း



လျာလိုမနေလို့ ကျုပ်လာတာ ဘာဖြစ်သလဲ၊ လူမဆန်တဲ့ တိရစ္ဆာန်ကောင်၊ ဒင်းကို အရှင်မထားဘူး ... ထွက်ခဲ့စမ်းဟေ့''

မားမကြီးဝင့်လျက် ကြုံးဝါးလိုက်သည့် ဒေါ်ဘွားအုံ၏အသံမဆုံးမီပင် ...

''ဟာ ဘွားအုံ ... ဘာလုပ်တာလဲတော်၊ ဘာလို့ ထရံကို ထုရိုက်ပြီး အော်ဟစ်နေရတာလဲ၊ ကျုပ်ကို မကျေနပ်စရာ တော့်မှာ ဘာရှိသလဲဟင်''

ဒေစီတင်မှာ ပုဆိုးရင်လျားကြီးဖြင့် ထွက်လာကာ အသံစာစာဖြင့် မေးမြန်းလိုက်၏။

ဒေါ်ဘွားအုံနှင့်သူကြီးတို့၏အသံကြောင့် သူကြီးအိမ်အနီးရှိ ရွာသားများ ရောက်ရှိလာ၏။

ဒေါ်ဘွားအုံသည် ဒေစီတင့်အား ဆောင့်တွန်းလျက် ...

''ငတင်မ ... နင့်ကို မကျေနပ်စရာ ဘာမှမရှိဘူး၊ ငါ ရှင်းချင်တာ နင့်အကောင်ကို၊ ဘယ်မလဲ အမျိုးယုတ်ကောင် ... ဖယ်စမ်း''

ဟု ဒေါ်သတကြီးအော်ဟစ်ကာ ခြေလှမ်းကျဲကြီးဖြင့် အိမ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com

တက်သွား၏။

"ဟာ ဘွားအုံ ... ဘာလုပ်တာလဲ၊ ခက်တော့တာပဲ"

သူကြီးဘခင်မှာ ရေရွတ်သံနှင့်အတူ အိမ်ပေါ်လိုက်သွား၏။ ဒေစီတင်သည်လည်း ရင်ဘတ်ဖိလျက် လိုက်ပါသွား၏။

အိမ်ပေါ်၌ မြင်ရသောမြင်ကွင်းက မသက်သာလှ။

ဒေါ်ဘွားအုံမှာ မောင်မောင်နိုင်၏ကိုယ်ပေါ် အုပ်မိုးလျက် လည်မြိုကို ဓားဖြင့် ထောက်ကာ ...

"ခွေးကောင် ... နင့်ကို သတ်မယ်၊ ငါ့သမီးလေး သေသလို နင်သေစေရမယ်"

ဟု မီးဝင်းဝင်းတောက်နေသည့် မျက်လုံးများဖြင့် ကြုံးဝါးကာ ဓားကိုင်လက်ကို အားစိုက်လိုက်၏။

"မ မလုပ်ပါနဲ့ဗျာ ... ကျုပ် ဘာလုပ်မိလို့လဲ၊ ဒေါ်ကြီး မှားနေပြီ ... ကျုပ် ဘာမှမလုပ်ဘူး၊ သူ သူကြီး ... ကယ်ပါဦး သူကြီးရယ်"

မောင်မောင်နိုင်မှာ ခြေကားယားလက်ကားယား အမူအရာဖြင့် သနားစဖွယ် တောင်းပန်နေရှာ၏။



သူကြီးဘခင်နှင့် ရွာသားများသည် ဒေါ်ဘွားအုံအား မရမက ဝိုင်းဆွဲကြကုန်၏။

ဒေါ်ဘွားအုံမှာ အော်ဟစ်ဆဲဆိုသံများနှင့်အတူ ရွာသားများ ဘက် ပါသွားရှာ၏။

ရွာသားများသည် ဒေါ်ဘွားအုံအား သူမ၏နေအိမ်သို့ ခေါ် ဆောင်သွားကြ၏။

သူကြီးဘခင်သည် ဒေါ်ဘွားအုံအား ...

"ကဲ ဘွားအုံ ... ကျုပ်နားလည်အောင် ရှင်းပြစမ်းပါ၊ ဘာ ကြောင့် မောင်မောင်နိုင်ဆိုတဲ့ သူငယ်လေးကို သတ်ချင်ရတာလဲ၊ ခင်း မဟုတ်တာလုပ်ရိုးမှန်ရင် ကျုပ်ကိုယ်တိုင် အပြစ်ပေးမယ်၊ ကဲ ... ပြောပါ"

ဟု မေးမြန်းလိုက်၏။

ရွာသားများသည်လည်း သူကြီး၏စကားကို ခေါင်းညိတ် ထောက်ခံကာ ဒေါ်ဘွားအုံအား စိတ်ဝင်တစား ကြည့်နေကြ၏။

ဒေါ်ဘွားအုံသည် ငိုသံကြီးနှင့်အတူ သူမ၏အိပ်မက်အား ပြန်လည်ပြောပြလိုက်၏။

www.burmeseclassic.com

ဒေါ်ဘွားအုံ၏စကားများကို ကြားလျှင် ရွာသားများမှာ ဟာခနဲ၊ ဟင်ခနဲ ဖြစ်သွားကုန်၏။

သူကြီးသည် စိတ်မသက်သာဟန်ဖြင့် ခေါင်းခါယမ်းလျက်

''ဘွားအုံရဲ့စကားတွေကို ကျုပ် ယုံကြည်ပါတယ်၊ အိပ်မက်ထဲမှာ ပန်းမြိုင်က သူသေဆုံးပုံကို ပြခဲ့ပေမယ့် ခက်တာက မောင်မောင်နိုင်ကို တရားနည်းလမ်းကျကျ အပြစ်ပေးဖို့ဆိုတာ သက်သေမှမရှိဘဲ၊ သက်သေမရှိဘဲ ပုလိပ်လက်ကိုအပ်ဖို့ မဖြစ်နိုင်ဘူး၊ ဟင်၊ . . . ခက်တော့ ခက်နေပါပြီလေ''

ဟု ညည်းညူလိုက်၏။

သူကြီး၏စကားကြောင့် ရွာခေါင်းလူငယ်အဖွဲ့မှာ ရှူးရှူးရှားရှားဖြစ်သွားကြပြီး . . .

''အို . . . ဘာမှခက်စရာ မလိုဘူး၊ ဒီကောင် ကျုပ်တို့ရွာသူကို စော်ကားတယ်၊ ဒီကောင့်ကို အပြစ်ပေးရမယ်၊ ကျုပ်တို့ ဝိုင်းပြီး အပြတ်ရှင်းလိုက်ရင် ဒီကောင် ဘာတတ်နိုင်မှာလဲ၊ ကြာတယ်ဗျာ . . . ခုပဲ သွားသတ်မယ်''

ဟု ကြုံးဝါးလိုက်ကြ၏။



''ဟ ဟ . . . ဒီလိုလုပ်လို့ ဘယ်ဖြစ်မလဲကွ၊ ဒီလူငယ်ကတို့ရွာသားလည်း မဟုတ်ဘူး၊ မြို့သားတစ်ယောက်ကို သက်သေအထောက်အထားမရှိဘဲ ဝိုင်းရိုက်ရင် အားလုံး ရှုပ်ကုန်လိမ့်မယ်ကွ၊ မင်းတို့ ငါသူကြီးမျက်နှာကို ထွေးချေးသုတ်ဖို့ မကြိုးစားနဲ့၊ တရားကိုနတ်စောင့်ပါတယ်ကွာ . . . မင်းတို့ စိတ်ထိန်းစမ်းပါ''

သူကြီးဘခင်မှာ ရွာသားများနှင့် အဘွားအုံအား တစ်လှည့်စီဖျောင်းဖျစကားဆို၍ မိုးလင်းချိန်မှ အိမ်သို့ပြန်ခဲ့ရလေ၏။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့သို့ရောက်လျှင် သူကြီးသည် မောင်မောင်နိုင်အား ခေါ်ယူ၍ ဒေါ်ဘွားအုံ၏အိမ်မက်အား ပြောပြလိုက်၏။

မောင်မောင်နိုင်မှာ မျက်နှာငယ်လေးဖြင့် မြေပေါ် ဒူးထောက်လျက် သူကြီး၏ ခြေထောက်ကိုဖက်ကာ . . .

''ဘုရားပေးပေး ကျမ်းပေးပေးပါ သူကြီးရယ် . . . ကျုပ်



ပန်းမြိုင်ကို စော်ကားဖို့ နေနေသာသာ မြင်တောင်မမြင်ဖူးပါဘူးဗျာ၊ ပြီးတော့ ကျုပ်က ပညာတတ်တစ်ယောက်ပါ၊ ကျုပ်ရဲ့မိဘတွေကလည်း မြို့မှာ အရေးပါတဲ့ လူကြီးပိုင်းတွေပါ သူကြီးရယ်၊ မိန်းမတစ်ယောက်ကို မစော်ကားဝံ့သလို သတ်ဖြတ်ဖို့လည်း မရဲပါဘူး။ တကယ်ပါ သူကြီးရယ် . . . ကျုပ်ကို ယုံကြည်ပေးပါဗျာ''

ဟု သနားစဖွယ် ပြောဆိုလေ၏။

သူကြီး ဘခင်မှာ စိတ်မသက်မသာဟန်ဖြင့် သက်ပြင်းချလျက် . . .

''အခုအနေအထားက ကျုပ်က ယုံရင်တောင် ရွာသားလူငယ်အားလုံးက ဘွားအုံရဲ့ဘက်မှာ ရှိနေတယ်၊ ဘာပဲဖြစ်ဖြစ် ခုချိန်ကစပြီး မင်း ငါ့ရဲ့မျက်စိအောက်မှာပဲ နေပါ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ရွာကနေ မင်းထွက်သွားဖို့ မကြိုးစားပါနဲ့၊ အမှန်တရားဟာ မျက်နှာမလိုက်တတ်ဘူး၊ အချိန်တန်ရင် အဖြစ်မှန်ပေါ်မယ်လို့ ကျုပ်ထင်ပါတယ်''

ဟု ပြောလိုက်၏။

ထိုအခိုက်မှာပင် ဒေစီတင် ရောက်လာပြီး . . .

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးတော် . . . မောင်မောင့်ကိုများ မုဒိမ်းကောင်လို့ ပြောရက်လိုက်တာ၊ သူကြီး . . . ဒီကိစ္စကို ရှင်းရှင်းရှင်း၊ မဟုတ်လို့ကတော့ ဒေစီတင်အကြောင်းကို အဘွားကြီး သိရစေမယ်၊ ကျုပ် လုံးဝ မကျေနပ်ဘူးတော်"

ဟု ပုဆိုးမကာ ကြုံးဝါးလေတော့၏။

ထိုအချိန် ရွှေဂူရွာထဲ၌မူ ရွာသူရွာသားများသည် ဒေါ်ဘွားအုံ၏ အိပ်မက်နှင့်ပတ်သက်၍ အမျိုးမျိုး ထင်ကြေးပေး ပြောဆိုနေကြ၏။

အပျိုခေါင်းတုတ်ကြီးသည် အပျိုတစ်သိုက်အား . . .

"ဘွားအုံက ဘုရားတရားမြဲပြီး သီလရှိတဲ့လူအေ့၊ ဘွားအုံကို သူ့သမီး အိပ်မက်ပေးတာ ဖြစ်နိုင်တယ်၊ အိပ်မက်အတိုင်းဆို ပန်းမြိုင်နယ် သိပ်သနားဖို့ကောင်းတယ်၊ ဟို မောင်မောင်နိုင်ဆိုတဲ့ အယုတ်တမာကောင်က ရုပ်လေးသနားကမားနဲ့ အကျင့်က ငါးပြားတောင် မတန်ဘူး၊ ဒင်းလိုကောင်ကို အရေခွံဆုတ်, နုပ်နုပ်စဉ်းပြီး ခွေးကျွေးပစ်ဖို့ ကောင်းတယ်၊ ကျက်သတုံးကောင်ကြီး"

ဟု ပယ်ပယ်နယ်နယ် ရှုတ်ချလိုက်၏။



"အမယ်လေးနော် . . . လူတွေများ အပြောင်းအလဲ မြန်လိုက်တာ၊ မောင်မောင်နိုင် ရောက်စက မာတ်ရှင်မင်းသားရှုံးလောက်အောင် တောက်ပြောင်နေတာပဲ၊ ငတင်နဲ့ မတန်လိုက်တာ၊ ဒီလိုပုံစံလေးကို ရည်ငံခွင့်ရရင် သေပျော်ပါပြီလို့ မတုတ်ကြီးပဲ ပြောခဲ့တာမဟုတ်လား။ ခုမှ အပုပ်ချမနေပါနဲ့တော်"

အပျိုလေးစိန်စိန်၏စကားကြောင့် တုတ်ကြီးမှာ မျက်နှာရှုံ့မဲ့သွားပြီး . . .

"ဝေ့ . . . ကြားရတာ အန်ချင်လာပြီ၊ တော်စမ်းပါ စိန်စိန်ရာ . . . ဒါက အကြောင်းမသိခင်တုန်းကအေ့၊ အခု ကြည့်စမ်း . . . ဘယ်လောက်ကြောက်စရာကောင်းသလဲ၊ မောင်မောင်နိုင်ဆိုတဲ့ကောင်က တာကယ့်လူသတ်ကောင်ကြီးအေ့၊ သက်သေ အထောက်အထားသာ ရလို့ကတော့ ဒင်းကို ကျုပ်ကိုယ်တိုင် ကြိုးစင်ပို့ပစ်မှာ၊ ညည်းလင်ဘက်က နာမနေနဲ့၊ ပန်းမြိုင်နောက် လိုက်ရလိမ့်မယ် . . . ဘာမှတ်နေသလဲ"

ဟု ဟန်ပန်နှင့်ပြောဆိုကာ အပျိုဝိုင်းမှ ထသွားလေ၏။

အပျိုတစ်သိုက်သည် မတုတ်ကြီး၏ကျောပြင်ကို ငေးကြည့်

www.burmeseclassic.com

www.burmeseclassic.com


ရင်း တစ်ယောက်က ...

"အင်း ... ဘာလိုလို့နဲ့ လူပျိုနတ် ပယသမှုမယ့်အချိန်တောင် ပြန်ရောက်တော့မယ်၊ ဒီတစ်ခါ ပသပွဲမှာရော ဘာတွေဖြစ်ဦးမလဲ မသိဘူး၊ အရင်တစ်ခါ ပသပွဲမှာ အမှားဖြစ်ခဲ့တာ၊ ခုချိန်ထိကို မပြီးနိုင်ဘူး၊ ဟင်း ... ရင်မောဖို့ ကောင်းလိုက်တာ"

ဟု ညည်းညူလိုက်လေတော့၏။

✿ ✿ ✿

လူပျိုခေါင်း မောင်ကြီးတစ်ယောက် အိမ်နောက်ဖေးဘက်မှာ နားစာစဉ်းနေစဉ် ၎င်း၏အနောက်မှ ရိပ်ခနဲ ဖြတ်သွားသလို ခံစားလိုက်ရခြင်းကြောင့် ဖျတ်ခနဲ လှည့်ကြည့်မိ၏။

"ဟင် ... ဘယ်သူမှလည်း မရှိပါလား၊ အိမ်မှာက ငါတစ်ယောက်တည်း၊ လူတစ်ယောက် ဖြတ်သွားသလို ခံစားလိုက်ရ

www.burmeseclassic.com

www.burmeseclassic.com



တာ သေချာတယ်၊ ဘာဖြစ်တာလဲဟ''

အတွေးနှင့်အတူ သူသည် အလုပ်အား ဆက်လုပ်နေလိုက်၏။

ထိုစဉ် . . .

'ဘုတ် ဘုတ် ဘုတ်'

'ဘုတ် ဘုတ် ဘုတ်'

တိတ်ဆိတ်မှုအား ဖြိုခွင်းလိုက်သည့် အသံကြောင့် နွားစာ စဉ်းနေသော သူ့လက်တွေ ရပ်သွား၏။

ထို့နောက် အသံအား ရှာဖွေရန် တဲအိမ်လေးအနီး လျှောက် သွား၏။

မြင်ရသောအရာကြောင့် မောင်ကြီးမှာ ဖဝေဖဝါဖြစ်သွားရ၏။

တဲအိမ်လေး၏ ပြတင်းပေါက်မှာ ဒေါက်တိုင်ပြုတ်လျက် တဖျပ်ဖျပ် ရိုက်နေ၏။

မောင်ကြီးတစ်ယောက် နှလုံးခုန်နှုန်းမြန်သွားကာ ပြတင်းအနီး သို့ တရွေ့ရွေ့ ချဉ်းကပ်လိုက်၏။

အနားသို့ရောက်လျှင် တံခါးရွက်မှာ သက်ငြိမ်သွားလေ၏။

တုန်ယင်သော လက်အစုံဖြင့် တံခါးရွက်အား အသာမ,ကြည့်



လိုက်၏။

ထိုအခါ ပြတင်းပေါက်အား ကျောပေးထိုင်နေသော ဆံပင် ဖားလျားနှင့် မိန်းမတစ်ယောက်၏ နောက်ကျောကို 'ဘွား' ခနဲ တွေ့ လိုက်ရ၏။

''အမယ်လေးဗျ . . . သရဲ သရဲ . . . နေ့ခင်းဘက်ကြီး ခြောက်တယ်ဗျ''

မောင်ကြီးတစ်ယောက် အသည်းပျက်မတတ် အော်ဟစ်ရင်း ထွက်ပြေးတော့၏။

ထိုအကြောင်းအား သူကြီးကို သွားပြောရာ . . .

''မဖြစ်နိုင်လိုက်တာ မောင်ကြီးရာ . . . ငါကြားဖူးတာက တစ္ဆေသရဲဆိုတာ ညဘက်ပဲ ခြောက်လှန့်တတ်ပါတယ်၊ မင်းဟာက ဟုတ်မှဟုတ်ရဲ့လား၊ ရွာသူတစ်ယောက်ယောက်များ မင်းကို ကျီစယ် လေသလားကွ . . . ဟင်''

သူကြီး၏စကားကို လှမောင်က ဝင်၍ . . .

''အာ . . . မောင်ကြီးအခြောက်ခံရတာ ဖြစ်နိုင်တယ် သူကြီး ရ ကျုပ် ရွာထိပ်က ပျဉ်းမပင်ကြီးမှာ အခြောက်ခံရတုန်းကလည်း

www.burmeseclassic.com



ဆံပင်ဖားလျားနဲ့ပဲ၊ ရွာမှာ မကောင်းဆိုးဝါးရှိနေတာ သေချာတယ်၊ သူကြီး တစ်ခုခုလုပ်သင့်နေပြီ''

ဟု ပြောလိုက်၏။

ထိုအခါ ကနားစီးဒေစီတင်က ...

''သရဲမ ပန်းမြိုင်ကို နှင်ဖို့ အားလုံးစီစဉ်ပြီးပြီ၊ လာမယ့် လူပျိုနတ်ပူဇော်ပွဲကျရင် ရွာထိပ်မှာ ကနားပွဲပေးပြီး ဆိုင်ရာပိုင်ရာတွေကို အပ်ရမယ်၊ နတ်ကြီးတွေရဲ့ အာဏာစက်နဲ့ နှင်ရင် သရဲမ ဘာခံနိုင်မတဲ့လဲ၊ ပွဲကြီးပွဲကောင်း တွေ့ကြသေးတာပေါ့''

ဟု ယုံကြည်မှုကြီးစွာ ပြောလိုက်၏။

သူကြီးဘခင်သည် သက်ပြင်းချလျက် ...

''ဒီတစ်ခါ လူပျိုနတ်ပသပွဲကျရင် တုတ်ကြီးကို သေချာ မှာရမယ်၊ တစ်ခါကလည်း ပသပွဲမှာ မိုက်ကြီးသည်ပါခဲ့လို့ ရွာကို ကြိုး ဆိုးအမျိုးမျိုး ဝင်ခဲ့ပြီးပြီ၊ ဒါမျိုး နောက်ထပ် အဖြစ်မခံနိုင်ဘူး၊ ငါကိုယ် တိုင် ဦးဆောင်ပြီး အပျိုစင်လေးတွေကို ရွေးထုတ်ရမယ်''

ဟု ပြောလိုက်လေ၏။

✿ ✿ ✿

ထိုနေ့ည သန်းခေါင်ချိန် ဒေစီတင်နှင့်မောင်မောင်နိုင်တို့ နှစ်ခြိုက်စွာ အိပ်မောကျနေချိန်၌ ခြေထောက်ဆီမှ အေးစက်စက် အထိအတွေ့ကြောင့် မောင်မောင်နိုင်တစ်ယောက် လူးလွန့်သွား၏။

အေးစက်သော အထိအတွေ့မှာ တဖြည်းဖြည်း ခန္ဓာကိုယ် အပေါ်ပိုင်းသို့ ရောက်လာသဖြင့် မောင်မောင်နိုင်မှာ အိပ်ချင်မူးတူးဖြင့်

www.burmeseclassic.com

www.burmeseclassic.com


"ဟာ ဒေစီကလွာ ... အိပ်နေတာကို ဘာဖြစ်နေတာလဲ၊ ကောင်းကောင်းအိပ်စမ်းပါ"

ဟု ညည်းတွားလိုက်၏။

သို့သော် အေးစက်သောအထိအတွေ့မှာ ရပ်မသွားဘဲ သူ၏ မျက်နှာသို့ ရောက်ရှိလာ၏။

မောင်မောင်နိုင်သည် စိတ်မရှည်တော့ဘဲ လေးလံသောမျက်ခွံများအား အသာဖွင့်၍ ကြည့်လိုက်၏။

ထိုအခါ ၎င်း၏ကိုယ်ပေါ် ခွထိုင်၍ အုပ်မိုးထားသော ဆံပင်ဖားလျားနှင့် မိန်းမတစ်ယောက်။

ထိုမိန်းမ၏ ဆံပင်များမှာ သူ၏မျက်နှာပေါ်သို့ ဝဲကျနေပြီး သေချာကြည့်မိသောအခါ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မျက်နှာကြီးကို တွေ့ရလေ၏။

မောင်မောင်နိုင်မှာ ကြောက်စိတ် ငယ်ထိပ်ဆောင့်သွားပြီး 'အား' ခနဲ အသံကုန် အော်ဟစ်လိုက်၏။

"သ သရဲမ ... သွား သွား ... ငါ့ဆီမလာနဲ့ ... သွား သွားစမ်း"

"မောင်မောင် မောင်မောင် ... ဘာဖြစ်တာလဲ၊ ဘာတွေ ယျှောက်အော်နေတာလဲ၊ ဘာသရဲမှ မရှိပါဘူး၊ ဒေစီပါ မောင်မောင်ရဲ့ ... မျက်လုံးဖွင့်စမ်းပါ"

ဒေစီတင်မှာ မောင်မောင်နိုင်အား လှုပ်ယမ်း၍ စိုးရိမ်တကြီး မေးလိုက်၏။

မောင်မောင်နိုင်သည် သွေးရူးသွေးတန်း အော်ဟစ်ရင်း မျက်လုံးပြူးကြီးဖြင့် ...

"ဘာ ဒေစီလဲ ... နင်က သရဲမ၊ ပန်းမြိုင်သရဲ၊ ငါ့နားလာနဲ့၊ သွား ... သွားလို့ ပြောနေတယ်၊ မသွားရင် နင့်ကို ငါ သတ်မှာနော် ကောင်မ ... သွားစမ်း"

ဟု အော်ဟစ်ကာ ဒေစီတင်အား လည်ပင်းညှစ်ထား၏။

ဒေစီတင်မှာ အပြောင်းလဲကြီး ပြောင်းလဲသွားသည့် မောင်မောင်နိုင်ကိုကြည့်၍ သွေးပျက်မတတ် ထိတ်လန့်ကာ ...

"အမယ်လေး သူကြီး သူကြီးရေ ... ကျုပ်ကို ကယ်ပါဦးတော့"

ဟု အော်ဟစ်ရင်း အတင်းရုန်းကန်၏။

www.burmeseclassic.com

www.burmeseclassic.com



မောင်မောင်နိုင်သည် ဒေစီတင်၏လည်မြိုအား လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်ရင်း ...

''သေစမ်း မကောင်းဆိုးဝါးမ ...ဟား ဟား ဟား ... မောင်မောင်နိုင်ကို ဒါမျိုးမစမ်းနဲ့ ...သေစမ်း သေစမ်း''

''ဟော့ကောင် ...တောင့်ကို လွှတ်လိုက်စမ်း ...ရပ်စမ်း''

သူကြီးဘခင်၏ အမိန့်ပေးသံနှင့်အတူ ရွာခေါင်းအဖွဲ့သည် မောင်မောင်နိုင်အား ဖမ်းချုပ်ထားလိုက်၏။

''မောင်ကြီးတို့လူစု ...ဒီကောင့်ကို ထိတ်တုံးခတ်လိုက်စမ်း မြို့သားမို့ ပြဿနာမတက်ချင်လို့ ကြည့်နေတာ၊ အကောင်းမှတ်နေတယ်၊ ဒါဟာ လူသတ်မှုကျူးလွန်ဖို့ ကြံစည်နေတာ၊ ရွှေဂူရွာသားကို ဒီလိုလာလုပ်လို့ ဘယ်ရမလဲ၊ ရက်အကန့်အသတ်မဲ့ ထိတ်တုံးခတ်ထားလိုက်''

သူကြီးဘခင်၏အမိန့်ကြောင့် ရွာခေါင်းအဖွဲ့သည် မောင်မောင်နိုင်အား ဖမ်းချုပ်ခေါ်ဆောင်သွားကြ၏။

''ပန်းမြိုင် သရဲမ ...နင် ငါ့လက်က မလွတ်ဘူး ...ဟား ဟား ဟား ...နင့်ကို ရအောင်သတ်ပြမယ် ...ကြည့်ထား ကြည့်



ထား ...ဟား ဟား ဟား''

သူကြီးဘခင်သည် တရှုပ်ရှုပ်ငိုကြွေးနေသော ဒေစီတင်ကို ကြည့်၍ ...

''တော်ပါတော့ တင်ရာ ...ဘယ်လိုဖြစ်ကြတာတုံးဟ''

ဟု မေးလိုက်ရာ ...

''ကျုပ် ကျုပ်လည်း မသိပါဘူး သူကြီးရာ ...ပန်းမြိုင်သရဲမလို့ အော်ဟစ်ပြီး ကျုပ်ကို လည်ပင်းထညှစ်တော့တာပါပဲ၊ မောင်မောင် ဘာဖြစ်သွားလဲ မသိဘူး ...ကျုပ် ကျုပ် သနားလိုက်တာနော်''

ဒေစီတင်၏ ရှိုက်ငိုရင်း ကန္တဲ့ကလျအမူအရာကြောင့် သူကြီးဘခင်မှာ မြင်ပြင်းကတ်သွားပြီး ...

''ခွေးကောင် ...ဟိုက လည်ပင်းညှစ်သတ်တာတောင် သနားနေသေးတယ်၊ နင့်ကို အသေသတ်နေတာ ...သိရဲ့လား ဒီကောင်က ပန်းမြိုင်ကို သတ်တဲ့တရားခံဖြစ်နိုင်တယ်၊ ဒီကောင့်ကြည့်ရတာ သိပ်စိတ်မှန်ပုံ မရဘူး။ စိတ်ဖောက်ပြီး နင့်ကို ထသတ်ဖို့ကြိုးစားတာ ...သိရဲ့လား လင်တရှုးကောင်ရဲ့''

www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောဆိုရင်း ဒေစီတင်အား ဖင်ဆောင့်ကန်ကာ ထသွားတော့၏။

ဒေစီတင်သည်ကား ရင်ဘတ်စည်တီး ငိုကြွေးလျက် ကျန်ရစ်ခဲ့ရှာ၏။

* * *

မောင်မောင်နိုင်အား ထိတ်တုံးခတ်ပြီးချိန်မှစ၍ သူကြီးနှင့်ရွာသားများမှာ စိတ်ဒုက္ခကြီးစွာ ခံစားကြရလေ၏။

"ကယ်ကြပါ ... ကျုပ်ကို လွှတ်ပေးကြပါ၊ ပန်းမြိုင်သရဲမှ သတ်တော့မယ်ဗျ၊ ကယ်ကြပါ ကယ်ကြပါဗျို့"

ဆိုသော အော်ဟစ်သံကြားရသလို ...

www.burmeseclassic.com

www.burmeseclassic.com

“ဟား ဟား ဟား . . . မောင်မောင်နိုင်တို့က ဘာတစ္ဆေသရဲမှ လက်မခံဘူးကွ၊ လာခဲ့စမ်း . . . မကောင်းဆိုးဝါးမ၊ နင့်ကို ကုပ်ချီးပြီး ငါသတ်ပြမယ် . . . လာစမ်း လာစမ်း”

ဆိုသောအသံကို တစ်မျိုး။

“သူကြီးရယ် ဘာအပြစ်ရှိလို့ ကျုပ်ကို ထိတ်တုံးခတ်ထားတာလဲ၊ ရှိကြီးခိုးပါရဲ့ဗျာ . . . ကျုပ်ကို လွှတ်ပေးပါ၊ ဒေစီ ဒေစီရေ မောင်မောင့်ကို ကယ်ပါဦး”

ဆိုသောအသံမျိုးစုံအား အချိန်တိုင်း ကြားနေရ၏။

ထို့ကြောင့် . . .

သူကြီးနှင့်ရွာသားများသည် မောင်မောင်နိုင်အား သွက်သွက်ခါအောင် ရူးသွပ်သွားပြီဟု ယူဆထားကြ၏။

သူကြီးဘခင်သည် ကနားစီဒေစီတင်အား . . .

“မောင်မောင်နိုင်ကို ဒီအတိုင်းထားလို့ မရတော့ဘူး၊ အခြေအနေက တစ်နေ့တခြား ပိုဆိုးလာပြီ၊ မြို့မှာရှိတဲ့ သူ့မိဘတွေဆီ အကြောင်းကြားမှ ဖြစ်လိမ့်မယ်”

ဟုပြောရာ ဒေစီတင်က . . .



“အဲဒါမှ ခက်တော့တာပဲ သူကြီး၊ ကျုပ်က သူ့မိဘတွေ ဘယ်မှာနေလဲဆိုတာ မသိဘူး၊ သူနဲ့ကျုပ်က တောင်ပြိုးပွဲသွားရင်း တွေ့ကြတာ၊ မြို့မှာဆိုလည်း သူက ကျုပ်အိမ်မှာပဲ အနေများတယ်ရှင့်၊ သူ့ရဲ့နောက်ကြောင်းကို ကျုပ် ဘာမှမသိဘူးတော်”

ဟုပြောလိုက်ရာ သူကြီးသည် အကြီးအကျယ် စိတ်ဓာတ်ကျသွား၏။

“ဟူး . . . တေင် တေင် . . . နင်ဟာ တကယ့်ပြဿနာကောင်ပဲ၊ ငါတို့ ရွှေဂူရွာလေးဟာ ဂြိုဟ်ဆိုးမွှေသလို ပြဿနာပေါင်းသောင်းခြောက်ထောင် ကြုံခဲ့ရတယ်၊ ဟင်း . . . မနက်ဖြန်ဆို လှူပျံ့နတ်ပသပွဲ ပြန်ရောက်ပြီ၊ ကနားပွဲအတွက် နင် ဘာလိုသေးလဲ”

သူကြီး၏အမေးကို ဒေစီတင်က . . .

“ဘာမှ မလိုဘူးသူကြီး . . . နတ်မင်းကြီးတွေအတွက် ပွဲ (၃၇) ပွဲကို အရင်တစ်ခါ နတ်ပွဲတုန်းက ကျုပ်ဟောပြောလို့ အကြံအစည်အောင်သွားတဲ့ တစ်ဖက်ရွာက ကိုင်းသူဌေးမက လှူသွားတယ်၊ အားလုံး ပြည့်စုံပါပြီ၊ ဆိုင်းအဖွဲ့လည်း မိုးချုပ်တာနဲ့ ရောက်လာလိမ့်မယ်၊ ကနားအတွက် သူကြီး စိတ်မပူပါနဲ့ . . . ကျုပ် အားလုံး တာဝန်

www.burmeseclassic.com

www.burmeseclassic.com



ယှုတယ်တော်''

ဟု ပြောလိုက်လေတော့၏။

✲ ✲ ✲

# ညပျိုနတ်ဝသပွဲနေ့

www.burmeseclassic.com

www.burmeseclassic.com

ရွှေဂူရွာထိပ်နှင့် ပျဉ်းမတောသို့ သွားရာလမ်းအလယ်၌ နပူးစီးအနီဖြင့် မဏ္ဍပ်ကြီးမှာ ဟည်းထနေ၏။

နပူးစီး၌ 'ကနားစီး ဒေစီတင်' ဟူသောစာတမ်းမှာ ထင်းထင်းကြီး ပေါ်နေသလို မဏ္ဍပ်တွင်း၌လည်း ဒေစီတင်တစ်ယောက် အစိမ်းရောင်နတ်ဝတ်စုံဖြင့် အလှထူးလျက်ရှိနေ၏။



မြိုင်ဆိုင်လှသော နတ်ဒိုးသံ စလိုက်သည်နှင့် ရွှေဂူရွာသားများပါမက အနီးအနားရှိ ရွာသားများပါ ကနားပွဲသို့ တဖွဲဖွဲ ရောက်ရှိလာကြ၏။

ဒေစီတင်တစ်ယောက် နတ်ကြီးပင့်စဉ်အတိုင်း စတင်ပင့်ဖိတ်ချိန်တွင် အပျိုခေါင်း တုတ်ကြီးမှာ အပျိုတစ်သိုက်အား ...

"ကောင်မတွေ ... ညည်းတို့ထဲမှာ ရည်းစားနဲ့ ခြေပုန်းခုတ်ထားတဲ့လူ မပါတာ သေချာတယ်နော်၊ ငါ့မျက်နှာကို အိုးမည်းသုတ်ဖို့ မကြိုးစားကြနဲ့၊ ဒီတစ်ခါ အများအယွင်းဖြစ်ရင် ငါ လုံးဝ ခွင့်မလွှတ်ဘူး"

ဟု လေသံမာမာဖြင့် ရာဇသံပေးလိုက်၏။

သူမ၏စကားကြောင့် ရွာသူများမှာ မျက်နှာရှုံ့မဲ့လျက် ...

"ဒီမယ် အပျိုခေါင်း ... ကျုပ်တို့အားလုံး ယင်မိုတောင်မသန်းဖူးတဲ့ အပျိုစင်တွေရှင့်၊ ကျုပ်တို့ကိုမယုံရင် မလိုက်ဘူး၊ လှည့်ပြန်မယ် ... ဒါပဲ"

ဟု ပြောလိုက်ရာ အပျိုခေါင်း တုတ်ကြီးမှာ မျက်လုံးပြူးသွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... ပြန်တော့ မပြန်ကြပါနဲ့အော၊ ငါက ဝတ္တုရား အတိုင်း မေးရတာပါ၊ သူကြီးရဲ့ထိတ်တုံးကို ကြောက်လွန်းလို့ပါအော၊ လာ လာ ... တောဝင်ကြမယ်၊ အချိန်လင့်နေပြီ"

ဟု ဆော်ဩကာ အပျိုများကိုဦးဆောင်၍ ပျဉ်းမတောထဲသို့ စတင်ခဲ့ကြလေ၏။

ထိုအချိန် သူကြီးဘခင်မှာ တပည့်ဖြစ်သူအား ...

"ဟေ့ကောင် မြမောင် ... ငါ ကနားပွဲကို သွားဦးမယ်၊ အိမ်ကို ဂရုစိုက်ထားနော်၊ ခွေးတွေကို အစာကျွေးထား၊ ပြီးရင် ဟို ကောင် မောင်မောင်နိုင်ကိုပါ ထမင်းပို့ထားလိုက် ... ကြားလား"

ဟု အမိန့်ပေးကာ ရွာထိပ်သို့ ထွက်ခဲ့လေ၏။

ရွှေဂူ တစ်ရွာလုံး နတ်ဒိုးသံ ညံညံစီနေ၏။

လူပျိုနတ်ပသမည့် အပျိုတစ်သိုက်မှာ လူပျိုနတ်၏နတ်ကွန်း၌ ဆီမီးနံ့သာများ ထွန်းညှိလိုက်ကြ၏။

ထို့နောက် ခါချဉ်အုံများ ရှာဖွေကာ ခါချဉ်ဖွပ်ကြ၏။ ခါချဉ်များကို ငှက်ပျောဖက်နှင့်ထုပ်၍ မီးအုံကြ၏။

မီးအုံထားသည့် ခါချဉ်ထုပ်ကို နတ်ကွန်းရှိရာ သစ်ပင်ခွကြား တင်၍ ...

"မောင်ကြီးနတ်ကို ပသပါတယ်၊ တင်မြှောက်ပါတယ်၊ နှမတို့ရဲ့ ရွှေဂူရွာလေးကို ဆန်ရေစပါး သားငါးရွှေငွေ အလျှံပယ် ပေါ ကြွယ်ဝအောင် စောင်မပေးတော်မူပါ"

ဟု သံပြိုင်ရေရွတ်ကြ၏။

ပြီးလျှင် အပျိုတစ်သိုက်သည် ခါချဉ်အတုပ်ခံရသည့် အယောင်ဆောင်၍ တစ်ကိုယ်လုံး လှုန်လှောကာ ကတ်ဖွဲ့ကြကုန်၏။

ထိုသို့ ကတ်ဖွဲ့ခြင်းသည် လူပျိုနတ်ပသပွဲ၏ အဆုံးသတ်ပင် ဖြစ်၏။

ထို့နောက်တွင်မူ အပျိုခေါင်းတုတ်ကြီးနှင့် အပျိုတစ်သိုက်သည် တာပန်းများခူးဆွတ်၍ ရွာသို့ အောင်မြင်စွာ ပြန်ခဲ့ကြလေ၏။

ထိုအချိန့်တွင် ကနားပွဲအတွင်းသို့ လူတစ်ယောက်သည် သည်းအသန် ပြေးလွှားလာပြီး ...

"သူကြီး သူကြီး ... ထိတ်တုံး ထိတ်တုံးခတ်ထားတဲ့မြို့သား မရှိတော့ဘူး"

ဟု ပြောလိုက်ရာ သူကြီးနှင့်ရွာသားများမှာ 'ဟာ' ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရ၏။

ပုပ္ပါးမယ်တော်ဝင်နေသည့် ကနားစီးဒေစီတင်သည်လည်း နတ်ဝင်ရပ်ကာ ရင်ထိတ်သွား၏။

"ဘာ ... မောင်မောင်နိုင် မရှိတော့ဘူး ... ဟုတ်လား ထိတ်တုံးခတ်ထားတဲ့လူက ဘာလို့ မရှိရမှာလဲ၊ ငါ့ကို သေချာပြော စမ်းပါ"

သူကြီးရဲ့ ဒေါသတကြီးအမေးကြောင့် ရွာသားက ...

"ကျုပ် ကျုပ်လည်း သေချာစောင့်ကြည့်ပါတယ်၊ သူ့ကို ထမင်းပို့ပြီး ဗိုက်နာလို့"

နောက်ဖေးသွားနေတာ ပြန်လာတော့ သူ သူ မရှိတော့ဘူး"

ဟု မဝံ့မရဲ ဖြေလာ၏။

သူကြီးဘခင်မှာ ထိုင်ရာမှ 'ဝုန်းခနဲ' ထရပ်လိုက်ရင်း ...

"ဟာ ... ပြဿနာပဲကွာ၊ ဒီကောင်က စိတ်မှန်တာ မဟုတ် ဘူးကွ၊ စိတ်ရူးပေါက်ပြီး လူတွေကို အန္တရာယ်ပြုရင် အားလုံးဒုက္ခ ကဲဟေ့ ... အားလုံးလိုက်ရှာကြ"

ထို့နောက်တွင်မူ သူကြီးနှင့်ရွာသားများသည် စိတ်ဝေဒနာ မောင်မောင်နိုင်အား အသည်းအသန် ရှာဖွေကြလေ၏။

သူကြီးတို့လူအုပ်ကြီး လမ်းခုလတ်အရောက်တွင် ပျဉ်းမ တောဘက်မှ ပြန်လာသော အပျိုတစ်သိုက်နှင့် ဆုံကြသလို ...

ထိုအချိန်မှာပဲ ...

"သူကြီး သူကြီး ... နေပါဦးဗျ"

ဆိုသောအသံအား ကြားလိုက်ရ၏။

"ဟင် ဖိုးထူးလေးပါလား ... ဘာဖြစ်တာလဲကွ"

သူကြီးဘခင်၏အမေးကို ဖိုးထူးက အမောတကော လေသံ ကြီးဖြင့် ...

"အ အနော် ဒါလေး ပေးချင်လို့ပါဗျ ... တောထဲက တွေ့ခဲ့ရတာ"

ဟုဆိုကာ ပစ္စည်းတစ်ခုကို လှမ်းပေး၏။

"ဟင် ... လက်ပတ်နာရီပါလား၊ မင်း မင်း ဒါကို ဘယ်က ရတာလဲ၊ တို့ရွာမှာ ဒီလိုနာရီမျိုး ဘယ်သူမှ မပတ်နိုင်ကြဘူး"

သူကြီးဘခင်၏ ရေရွတ်သံကြောင့် ဒေစီတင်မှာ အမှတ်တမဲ့ ကြည့်လိုက်ရာ နာရီဆီ အကြည့်ရောက်သွားပြီး ...

www.burmeseclassic.com

www.burmeseclassic.com



''ဟင် ...ဒါ ဒါ မောင်မောင့်ကို ကျုပ်ဝယ်ပေးထားတဲ့ နာရီလေးတော့်၊ အို ...မှန်လည်းအက်နေတယ်၊ မှန်မှာလည်း သွေး ခြောက်လိုအရာတွေ ပေနေပါလား''

''ဟဲ့ ဖိုးထူး ...နင် ဒါကို ဘယ်နေရာက ရခဲ့တာလဲ''

ဟု စိတ်လှုပ်ရှားစွာ မေးမြန်းလိုက်၏။

''အနော် နွားကျောင်းရင်း ပျဉ်းမတောအလယ်မှာရှိတဲ့ ကျောက်ဖျာကြီးနားက ရခဲ့တာ ...ဘာ ဘာဖြစ်လို့လဲ''

ဖိုးထူးလေး၏အဖြေကြောင့် သူကြီးဘခင်နှင့် ဒေစီတင်တို့မှာ အထိတ်တလန့် ဖြစ်သွားကုန်၏။

အပျိုခေါင်းတုတ်ကြီးက အသံစာစာဖြင့် ...

''ဒါဟာ ပန်းမြိုင်ကို မောင်မောင်နိုင်က မတရားကျင့်ကြံ သတ်ဖြတ်ခဲ့တာ သက်သေပဲ၊ ဒီလက်ပတ်နာရီကို သက်သေထား လူယုတ်မာကို ပုလိပ်လက်အပ်ရမယ် သူကြီး''

ဟု ပြောလိုက်ရာ အဘွားအုံက ဝင်ရောက်၍ ...

''ဟုတ်တယ် ...ဒါဟာ အမှန်တရားကို နတ်စောင့်တာ ခွေးကျင့်ခွေးကြံ ကြံတဲ့ကောင်ကို ကြိုးစင်တင်လို့ရပြီ၊ ဒင်းရဲ့မိုက်ပြစ်



ပြန်ခံရမှ ငါ့သမီးလေး ပန်းမြိုင်လည်း ကျွတ်လွတ်တဲ့ဘဝကို ရောက် မှာ''

ဟု ရင်ကွဲဆို့နစ်သောအသံဖြင့် ပြောလိုက်၏။

''ဟုတ်ပါပြီ ...ကျုပ်ကလည်း အမှန်တရားအတိုင်း လုပ် ပေးမှာပါ၊ အခု ပျောက်ဆုံးနေတဲ့ မောင်မောင်နိုင်ကို ရှာရမယ်၊ ဒါ သိပ်အရေးကြီးတယ်''

သူကြီးဘခင်၏ စကားအဆုံး၌ ဒေစီတင်မှာ မျက်ရည်ပိုးပိုး ပေါက်ပေါက် ကျလျက် ...

''ရက်စက်လိုက်တာ မောင်မောင်ရယ်၊ မောင်မောင့်လို လူ ရည်သန့်လေးက မိန်းမတစ်ယောက်ကို အဓမ္မကျင့်ကြံပြီး ရက်ရက် စက်စက် သတ်ဖြတ်လိမ့်မယ်လို့ ဘယ်လိုမှ ယုံကြည်လို့မရဘူး။ မောင်မောင် ဒေစီ့အပေါ်မှာ သိပ်ရက်စက်တာပဲ ...ဟင့် ဟင့် ဟင့်''

ဟု တဖွဖွ ရေရွတ်ရင်း သူကြီးတို့နောက် လိုက်သွားရှာ၏။

ရွာထိပ်ရှိ ပျဉ်းမပင်ကြီးနားအရောက်တွင် ရွာသားတစ်ဦးက

''သူကြီး ...ပျဉ်းမပင်ကြီးမှာ တစ်ခုခု ထူးနေသလိုပဲ ... ကြည့်ပါဦး''

www.burmeseclassic.com

www.burmeseclassic.com



ဟု ညွှန်ပြလိုက်၏။

သူကြီးနှင့် ရွာသားများ ပြိုင်တူကြည့်လိုက်ရာ ...

"ဟာ ... ဟုတ်တယ်ဟေ့၊ ဘာကြီးလဲဟ၊ သေချာအောင် သွားကြည့်ရမယ်"

✿ ✿ ✿

သူကြီးနှင့်ရွာသားများ ပျဉ်းမပင်ကြီးအောက်အရောက်တွင် အပင်၌သေဆုံးနေသည့် မောင်မောင်နိုင်အား စိတ်မသက်သာဖွယ် တွေ့ရလေ၏။

"အ အမယ်လေး မောင်မောင်ရဲ့ ... ဒေစီုရင်တွေ ဖွဲ့နေပြီ ပေါ့၊ အဖြစ်ဆိုးလှချည်လား ... အီး အီး အီး"

www.burmeseclassic.com



ကနားစီးဒေဝီတင်မှာ မောင်မောင်နိုင်၏ ရုပ်အလောင်းအား ဖက်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေ၏။

သူကြီးဘခင်သည် အလောင်း၏အနီးသို့ လျှောက်သွားပြီး မောင်မောင်နိုင်၏လက်၌ ကျစ်နေအောင် ဆုပ်ကိုင်ထားသည့် စာရွက်ခေါက်လေးကို ဆွဲယူလိုက်၏။

ရွှေဂူရွာသားအားလုံး သူကြီးလက်မှ စာရွက်လေးအား စိတ်ဝင်တစား ငေးစိုက်ကြည့်နေကြ၏။

သူကြီးဘခင်က စာရွက်ကိုဖြန့်လျက် အသံကျယ်ကျယ်ဖြင့် စာရွက်ပါအကြောင်းအရာအား ဆက်ဖတ်လေတော့၏။

"သူကြီးဘခင်နဲ့ ရွှေဂူရွာသားအပေါင်းကို ဒီစာလေးနဲ့ပဲ ဝန်ချတောင်းပန်ပါရစေ။

ကျုပ်ဟာ တစ်ဖက်ရွာကနေ အရက်မူးပြီး ပြန်လာချိန်တစ်ခုမှာ နွားကျောင်းလာတဲ့ပန်းမြိုင်နဲ့ တွေ့ဆုံခဲ့ပါတယ်။

ကျုပ် ကျုပ် သူ့ကို ပျဉ်းမတောရဲ့အလယ်မှာရှိတဲ့ ကျောက်ဖျာကြီးနောက်မှာ လွန်လွန်ကျူးကျူး လုပ်ခဲ့မိပါတယ်။



ကျုပ်ဟာ အရက်ကြောင့် အမှားအမှန် မခွဲခြားနိုင်ဘဲ ကျုပ်ရဲ့အကြောင်း ပေါ်မှာစိုးလို့ သူ့ကို ရက်ရက်စက်စက် သတ်ဖြတ်မိခဲ့တယ်။

ကျုပ်ရဲ့လုပ်ရပ်ကို ရွာသားတွေမရိပ်မိအောင် ပျဉ်းမတာရွှေဆိုတဲ့ စာတွေနဲ့ ခြောက်လှန့်ခဲ့ပါတယ်။

ဒါပေမဲ့ ကံဆိုးစွာပဲ ပန်းမြိုင်ရဲ့အလောင်းကို ရွာသားတွေ တွေ့သွားခဲ့တယ်။

ဒါပေမဲ့ အဲဒီနောက်ပိုင်းကစပြီး ကျုပ် ကောင်းကောင်း မအိပ်ခဲ့ရဘူး။

ပန်းမြိုင်ဟာ ကျုပ်ကို အိပ်မက်ထဲမှာ အမျိုးမျိုး ခြောက်လှန့်ခဲ့တယ်။

ကျုပ်ဟာ ကျုပ်နဲ့အတူနေတဲ့ ဒေဝီတင် မသိအောင် ဒီကိစ္စကို ဖုံးဖိခဲ့ပါတယ်။

နောက်တော့ ပန်းမြိုင်ဟာ သူ့အမေကို အိပ်မက်ပေးပြီး ကျုပ်ကို ကြိုးစင်တင်ဖို့ ကြိုးစားခဲ့တယ်။

သူ့အမေသိပြီးနောက်ပိုင်းမှာ ပန်းမြိုင်ဟာ အပြင်မှာပါ ကျုပ်ကို ခြောက်လှန့်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျုပ် ထိတ်တုံးခတ်ခံရတဲ့အချိန် တစ်လျှောက်လုံး ကျုပ်အေား ကနေပြီး ကျုပ်ကို ခြောက်လှန့်ခဲ့တယ်။

ကျုပ်ဟာ သူ့ရဲ့ခြောက်လှန့်မှုတွေကို သည်းမခံနိုင်တဲ့အဆုံး မှာတော့ ကျုပ်သေမှ သူ့ရဲ့ဝိညာဉ်က ကျေနပ်မယ်လို့ ယူဆခဲ့မိတယ်။

ဒါကြောင့် ဒီနေ့ ကျုပ်ကို ထမင်းပို့နေတဲ့ ရှာသားလေးဆီက နေ ထိတ်တုံးသော့ကို သူ့ရဲ့ခါးကြားက တိတ်တဆိတ် ယူထားလိုက် တယ်။

သူထွက်သွားတော့မှ ထိတ်တုံးဖွင့်ပြီး သူကြီးရဲ့အိမ်ပေါ် တက် ပုန်းခဲ့ပါတယ်။

မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာမရှိဆိုတဲ့စကားဟာ သိပ်မှန် ပါတယ်။

ကျုပ်ကိုယ်ကျုပ် အဆုံးမစီရင်ခင် အဖြစ်မှန်ကိုသိရအောင် သူကြီးအိမ်ပေါ်မှာ အသင့်တွေ့ရတဲ့ စာရွက်နဲ့ခဲတံကိုယူပြီး ဒီစာကိုရေးခဲ့ တာပါ။

အဘွားအုံနဲ့ ရွာသားအားလုံးကို တောင်းပန်ပါတယ်။

ပန်းမြိုင်အတွက် ကျုပ်ရဲ့အသက်ကို ပြန်ပေးခဲ့ပါပြီ။



ခွင့်မလွှတ်နိုင်ပေမယ့် ကျေနပ်ပေးကြပါလို့ တောင်းဆိုပါရစေ။

လူမဆန်တဲ့ အပြစ်ကြီးကို လွန်ကျူးမိတဲ့

မောင်မောင်နိုင်''

သူကြီးဘခင်၏ အသံဆုံးလျှင် ကနားစီးဒေဝီတင်မှာ ရင် ဘတ်ကို တဘုန်းဘုန်းထုနက်၍ . . .

''ဖြစ်ရလေ မောင်မောင်ရယ် . . . မောင်မောင်မရှိတဲ့ ဘဝမှာ ဒေဝီ ဘာလုပ်ရမှာလဲ၊ အို . . . မဖြစ်နိုင်ဘူး၊ မောင်မောင် မသေဘူး ဟုတ်တယ် . . . ငါ သံယောဇဉ်ကြီးတဲ့ မောင်မောင်နိုင်ဆိုတာ ဘယ် တော့မှ မသေဘူး၊ မောင်မောင် . . . မောင်မောင် ဘယ်မှာလဲ၊ ဒေဝီ့ကို ပုန်းနေတာ မဟုတ်လား . . . မောင်မောင်ရေ မောင်မောင်''

ဟု သွေးရူးသွေးတန်း ပြေးလွှားကာ သွက်သွက်ခါအောင် ရူးသွပ်သွားရှာ၏။

သူကြီးဘခင်နှင့် ရွာသားများမှာ လွန်စွာဆိုးရွားလှသည့် အဖြစ်အပျက်ကြောင့် မျက်ရည်ဆို့မတတ် စိတ်မကောင်းဖြစ်သွားကြ ၏။

www.burmeseclassic.com



ပျဉ်းမတောနှင့်ရွာ၏အလယ်ရှိ 'ကနားစီး ဒေစီတင်' ဟူသော ကနားပွဲကြီးမှာ ခြောက်ကပ်တိတ်ဆိတ်လျက် ...။

❁ ❁ ❁

# သူယောင်မယ်

BURMESE CLASSIC .com

www.burmeseclassic.com